မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကျေးလက်စာကြည့်တိုက်နှင့် ရေအားလျှပ်စစ်မီးစက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ဘန်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာရှိ သုတဘဏ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားနှင့် ရေအားလျှပ်စစ်မီးစက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဆိတ်ဖူးတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထိန်လင်းနှင့် ကျေးရွာစည်းရုံးရေးမှူး ဦးခင်မောင်ထွေးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ကျေးရွာမီးလင်းရေးအတွက် ရေအားလျှပ်စစ်မီးစက်ခလုတ်ကို ဖွင့်လှစ်ပေးပြီး ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ကျေးရွာပြည်သူများကိုယ်စား စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ၁၅၀ကို ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးသို့ ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးလက်စာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံကို ပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့ ရေနီမြို့ ရေနီအမှတ်(၂)စက္ကူစက်ရုံရှိ ပျော့ဖတ်စက်ရုံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောဝတီတံတား(ရတနာပုံ)ပင်မတံတား သံကူကွန်ကရစ် ကြမ်းခင်းပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၅ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိပြီး လမ်းဖောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)က ဆောင်ရွက်လျက်ရှိသည့် မန္တလေး–စစ်ကိုင်း–ရွှေဘိုလမ်းနှင့် တံတားကြီးအဆင်း ဆက်သွယ်သည့် မန္တလေးဘက်ကမ်း အဝိုင်းပတ်လမ်း ဖောက်လုပ်၍ ကျောက်ကတ္တရာလမ်း ခင်းကြိတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဝင်းတင်က မန္တလေးဘက်ကမ်း အဝိုင်းပတ်လမ်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်း ကျောက်ခင်းဆောင်ရွက်ပြီးမှု၊ ချဉ်းကပ်တံတားပေါ် ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အောက်ခံမြေသားသိပ်သည်းမှုရအောင် ခင်းကြိတ်ပြီးမှ ခွဲကျောက်များကို သတ်မှတ်စံချိန်စံညွှန်းမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး တံတားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းရှိ တံတားကြီးပေါ် ပင်မသံပေါင်ခုံး၌ သံကူကွန်ကရစ်ကြမ်းခင်းပြားခင်းခြင်း၊ ယာဉ်သွားလမ်းဘေးကာ သံကူကွန်ကရစ်ပြုလုပ်ခြင်းနှင့် ဘေးနှစ်ဖက်လူလျှောက်လမ်း သံလက်ရန်း တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးများဖြစ်ကြသော ဦးဌေးမြင့်နှင့် ဦးဆန်းဝင်းတို့၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ ပင်မတံတား၏ သံကူကွန်ကရစ်ကြမ်းခင်းပြားများ ခင်းခြင်းလုပ်ငန်းတွင် ပင်မသံပေါင်ခုံး သုံးခု၌ နှစ်ခုံးပြီးစီး၍ အလယ်ခုံး တစ်ခုသာလျှင် သံကူကွန်ကရစ်ကြမ်းခင်းပြား ခင်းရန်ကျန်ရှိပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

လေ့ကျင့်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက် အရေအတွက်ရော အရည်အသွေးပါ မြင့်မား

အမျိုးသားစွမ်းအားများကို တည်ဆောက်ရာတွင် လူငယ်များ၏အခန်းကဏ္ဍသည် အရေးပါသော ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်စွမ်းရှိသော အမျိုးသားစွမ်းအားစုများ ဖြစ်ပေါ်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

အသင်းကြီးကို စတင်ထူထောင်သည့်အချိန်မှစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် လေ့ကျင့်ပျိုးထောင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့၍ အင်အားကြီးထွားခိုင်မာလာသည်နှင့်အမျှ အရေအတွက်ရော အရည်အသွေးပါ တိုးတက်မြင့်မားလျက်ရှိသည်။

အသင်းဝင်များသည် အသင်းကြီးက ချမှတ်ပြဋ္ဌာန်းထားသည့် အဓိဋ္ဌာန်နှင့် ရည်ရွယ်ချက်တို့ကို အခြေခံ၍ နိုင်ငံတည်ဆောက်ရာတွင် အနှောင့်အယှက်၊ အဖျက်အဆီးများကို ရင်ဆိုင်ကျော်လွှားပြီး ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် စွမ်းဆောင်ကြိုးပမ်းလျက်ရှိသည်။

ဗဟိုအဆင့်၊ ဒေသဆိုင်ရာအဆင့်များတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားအောင်၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အသွေးမြင့်မားအောင်နှင့် စွမ်းရည်မြင့်မားအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်၍ နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းမှုများ အထင်အရှားတွေ့မြင်နေရပြီး ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တိုင်းက တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းရှိ ကလေးငယ်များအား နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (လူမှုဝန်ထမ်း)

ကျောင်းသားများ ပညာရေးကောင်းမွန်အောင် ဆောင်ရွက် သင်တန်းကျောင်း အဆင့်အတန်းမြင့်အောင်စီမံ

ရန်ကုန် ဇန်နဝါရီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဦးနေဝဏ်က ကျောင်း၏ တည်နေရာ၊ အကျယ်အဝန်း၊ နောက်ခံသမိုင်းအကျဉ်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ကျောင်းသားများ လက်ခံကျွေးမွေး စောင့်ရှောက်ထားရှိမှု၊ ပညာရေး၊ လေ့ကျင့်သင်ကြားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသားများ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ရေး၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများအား အဆင်ပြေစွာ ဆောင်ရွက်ရေး၊ သင်တန်းကျောင်းအား ယခုထက်ပိုမို၍ အဆင့်အတန်းမြင့်အောင် စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်း စားရိပ်သာ စားဖိုဆောင်၊ ဆေးပေးခန်း၊ စာသင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းရှိ ကလေးငယ်များအား တွေ့ဆုံ အားပေး စကားပြောကြားသည်။

(သတင်းစဉ်)

မိဘများဖြစ်ကြသော ဒေါက်တာ ဦးတင်နှင့် ဒေါ်သိန်းခင်တို့အား အမှူးထား၍ သမီး ဒေါက်တာဒေါ်လှစိန် အမှတ် (၃၅) လိပ်ကန်လမ်း ပုဇွန်တောင်မြို့နယ်က ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ငွေကျပ်ငါးဆယ့်ငါးသိန်းတန်ဖိုးရှိ အီးစီဂျီစက် INFUSION PUMP, TRANSFUSION PUMP, AMBU BAG နှင့် WEIGHING MACHINE များကို ဒီဇင်ဘာ ၂၂ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၈-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၈)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး" (ဒုတိယတွဲ)** (အပိုင်း-၁၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၀၇ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ စိတ်နေကောင်းဖို့ တရားတော် (အရှင်ဆေကိန္ဒ)
- ၈:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အစားအစာနှင့် ပတ်သက်သော ပြဿနာအမေးအဖြေများ)
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ နယဉ်ဆန်းထွင်ပန်းအလှဆင်
- ၉:၃၀ ဂီတသံစဉ်အလှဆင် (နီနီဝင်းရွှေ)
- ၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၀ သတ္တုတူးသောရွာကလေး
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (မောင်မောင်ဦး စနိုးပိုက်နှင့် တွေ့ဆုံခြင်း) (ပထမပိုင်း)
- ၁၀:၅၀ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၁၀:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၀၅ မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
- ၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၄၅ အန္တရာယ်ကင်းသော မိခင်ဘဝ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
- ၁၂:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၂:၃၅ အစဉ်နောင်အမုန်မြဲမယ် ရေလှောင်တမံရဲ့နွယ်
- ၁၂:၅၀ တေးဂီတအစီအစဉ်
- ၁၂:၅၅ ရွှေထည်ပြုလုပ်ခြင်း အနုပညာ
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှင်သာမဏောဝမ္မပိမာန် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၇

ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်၌ ဒလဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေး တရားစခန်းကို ဇန်နဝါရီ ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအတွင်း ဟောပြောပို့ချမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများသည် ဖုန်း- ၃၈၇၃၆၁ သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူများ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁နာရီက တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရာ ၁၉၉၃ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ဆရာ၊ ဆရာမဟောင်းများနှင့် ယခုလက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် အသက်၅၀နှင့် အထက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပူဇော်ကန်တော့

အခမ်းအနားကို အဥ္ဇလီကန်တော့ပန်းတေးထပ်ဖြင့် ဒေါ်ခိုင်ဇင်ရွှေက ဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ဆရာ ဆရာမများအား ကျောင်းသူ ကျောင်းသားများက ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ယဉ်ကျေးမှုတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဦးဇော်သန်းနှင့် ဆရာ ဆရာမကြီးများက ဩဝါဒစကားပြောကြားပြီး ဆရာကန်တော့ပွဲကျင်းပရခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ၁၉၉၃ခုနှစ် ကျောင်းသားကိုခင်မောင်ဌေးက ရှင်းပြပြီး ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ကန်တော့ပစ္စည်းများပေးအပ်ပြီး အကျွေးအမွေးဖြင့် ဧည့်ခံကြသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဧည့်ခံဖျော်ဖြေပြီး ကံစမ်းမဲများဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

ဆွမ်းသိမ်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၈/၂၃ (၁၀)ရက်ကွက် စနေပတ်သံဃာ့ဒါနဆွမ်းလောင်းအသင်းကြီး၏ (၁၆)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲကြီး၏ တရားပွဲများကို ရတနာသီရိလမ်းနှင့် သာစည်လမ်းထောင့် ဓမ္မာရုံ၌ ဇန်နဝါရီ၉ရက်မှ ၁၅ရက်အထိ ညစဉ် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၉ရက်တွင် အရှင်တိက္ခာစာရ မဟာသဒ္ဓမ္မဇောတိကဓဇ အောင်သိဒ္ဓိဆရာတော် (သမိုင်း)၊ ၁၀ရက်တွင် ဦးဝိစာရ မဟာစည် ညောင်ကန်အေးရိပ်သာ ကမ္မဋ္ဌာနာစရိယ၊ ၁၁ရက်တွင် ဦးခေမိန္ဒ နယ်လှည့် ဓမ္မကထိက တောင်ဒဂုံ၊ ၁၂ရက်တွင် ဦးရေဝတ နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်၊ ၁၃ရက်တွင် ဦးဝိသုတ နယ်လှည့် ဓမ္မကထိက (မုံရွာ)၊ ၁၄ရက်တွင် ဦးကဝိန္ဒ နယ်လှည့်ဓမ္မကထိက တောင်ဒဂုံ၊ ၁၅ရက်တွင် ဦးဝိလာသ ဓမ္မကထိက မိုးကုတ်ဝိပဿနာ (ငါးဖယ်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရွေးဦးပြုစုနည်း သင်တန်းများဆင်း

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဦးဆောင်မှုဖြင့် ခရမ်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ခရမ်းမြို့နယ် ကြက်ခြေနီတပ်ရင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းကြက်ခြေနီရှေးဦးပြုစုနည်း (အခြေခံအဆင့်) သင်တန်းများဆင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁နာရီက ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် ခရမ်းမြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်စိုးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှ **(အောက်ပုံ)** တို့က လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် တာဝန်ရှိသူများက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ခရမ်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်းတွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၃၁ရက်အထိ သင်တန်းလေးကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၃၉ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ သုံးခွမြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ရင်းတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း (ဆင့်ပွား) သင်တန်းနှင့် အခြေခံရှေးဦးပြုစုခြင်း သင်တန်းများဆင်းပွဲကို ယင်းနေ့ နံနက်ပိုင်းက သုံးခွမြို့နယ်၌ ကျင်းပခဲ့ကြောင်း၊ အဆိုပါ သင်တန်းများကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၈ရက်မှ ဒီဇင်ဘာ ၂၄ရက်အထိ (၁၁)ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသင်တန်းသူ ၅၁၀ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် နိုင်ငံတော်အဆင့် ဆုရရှိကြသူများအား ဂုဏ်ပြုအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)က အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေး(မောင်မောင်မြင့်အေး)နှင့် နာယက ဦးသိန်းဇော် (သိန်းဆွေသိန်း)တို့က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်မောင်ဇင်(မောင်မောင်ဇင်)က အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားပြီး စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ)က ဖတ်ကြားသည်။

ဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော်အဆင့် ဆုရရှိသူများဖြစ်ကြသည့် တပ်မတော်နေ့ စာပေပြိုင်ပွဲ ကဗျာပထမဆုရ ဒေါ်မေသက်နွယ်ဦး(မေသက်နွယ်ဦး) နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် UNICEFတို့ ပူးပေါင်း ကျင်းပသော သန့်လေးသန့် ကျန်းမာရေး ပညာပေး ဇာတ်ညွှန်းပြိုင်ပွဲတွင် ဆုရရှိသော ဦးဘုန်းဝေ(ခင်ဘုန်းဝေ) တို့အား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်မြင့်အေးက ဆုချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က–ပ)**

မြင်းခြံမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အမှတ်(၆)ရပ်ကွက် ၁၅လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်၉နာရီက ယင်းလမ်းထိပ် မုခ်ဦး၌ကျင်းပရာ အမှတ်(၆)ရပ်ကွက် ၁၅ လမ်း ကတ္တရာလမ်းသစ်ကို မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးထွန်းဆင့်နှင့် မြင်းခြံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ်ယခုအပတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာနိုင်ငံစက်မှုဇုန်များ အက်ဥပဒေပြဋ္ဌာန်းမည်၊ ဂျီအက်စ်အမ်ဖုန်းရှိသည့်အိမ်များတွင် ရက်ပီတာများ အသုံးမပြုရန် သတိပေး၊ တစ်ရက်လျှင် မြန်မာရွှေ့ပြောင်းလုပ်သားသုံးရာခန့် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေ၊ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးတွင် မော်တော်ယာဉ်နှင့် ခရီးသည် မျှတမှုမရှိ၊ ခရီးသည်တင်ယာဉ်များတွင် အံဝှက်များပြုလုပ်၍ တရားမဝင်ပစ္စည်းများ ရန်ကုန်မြို့အတွင်းသယ်ယူမှုများရှိနေစသည့် ပြည်တွင်းရေးရာသတင်းများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ချယ်လ်ဆီးရဲ့သုံးနှစ်ဆက်ချန်ပီယံ အိပ်မက်လေးခပ်ရေးရေး' အားကစားဆောင်းပါးနှင့်အတူ အင်ဒိုနီးရှား ပင်လယ်ကူး ကူးတို့တိမ်းမှောက် ၁၇၇ဦးသေကံမရောက်၊ အရက်စွဲခြင်းကို ဖယ်ရှားပေးသော ဓာတုပစ္စည်း တွေ့လာ၊ တရုတ်နိုင်ငံ စစ်အင်အားတိုးချဲ့မှု ငြိမ်းချမ်းရေးအတွက်သာဟုဆို၊ အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်အား ဇာတိမြို့၌ဂူသွင်း၊ ကမ္ဘာ့ညှော်များကို စင်ကာပူကအသည်းအသန်ဆွဲဆောင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ဆဋ္ဌမအကြိမ် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ပဲခူးမြို့ စိန်မှျားမိသားစုက ကြီးမှူးကျင်းပလှူဒါန်းသော ဆဋ္ဌမအကြိမ်မြောက် အထူးတရားပွဲကြီးကို ရွှေမော်ဓောစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်အနီး ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)၊ ၁၁ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကလေးအထူးတရားပွဲ အရှင်ဆေကိန္ဒ (ဓမ္မဒူတ)နှင့် ၁၂ ရက် (သောကြာနေ့) ည၇နာရီတွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်တို့က တရားရေအေးတိုက်ကျွေးမည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်း တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော် ကြီး ဖြစ်မြောက် ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် အမှတ် ၃၀၇၊ မြို့မ ၁၁ လမ်း၊(၄)မြောက် သာကေတ နေ အမိ အဖ၊ အဘိုး အ ဘွား နှင့် ဖခင်ကြီး ဦးလှတင် (၇)နှစ်မြောက်အတွက်ရည်စူး၍ ဒေါ်စိန်စိန်နှင့် သားသမီးမြေးမိသားစုက အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ကာရာဝမ်အရပ်ရှိ တိုယိုတာမော်တော်ကား ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၏ ထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုမြင့်တက် ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၄၇ ဘီလီယံကျော် ရရှိမည်မျှော်မှန်း

ဟန္နိုင်း ဇန်နဝါရီ ၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၄ ဘီလီယံရရှိရန် ရည်မှန်းထားကြောင်း၊ ဗီယက်နမ်အစိုးရကလည်း စည်းမျဉ်းဥပဒေများ ထုတ်ပြန်ထားကြောင်း ဗီယက်နမ် အီကိုနောမစ်တိုင်းမ် သတင်းစာက ဇန်နဝါရီ ၄ ရက်၌ ဖော်ပြသည်။

ဗီယက်နမ်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ်က ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆ ဘီလီယံရရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၆ ဒသမ၅ ဘီလီယံရရှိရန် ရည်မှန်းချက် ချထားပေးခဲ့သော်လည်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၄ ဘီလီယံရရှိရန် ရည်မှန်းချက် ထားရှိခြင်းဖြစ်သည်။

ရည်မှန်း

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်တွင် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် ပင်လယ်အစားအစာများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅ ဘီလီယံ၊ ဆန်တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ၊ ကော်ဖီတင်ပို့မှုမှ ဒေါ်လာ ၁ဒသမ၁၅ဘီလီယံနှင့်ရော်ဘာ တင်ပို့မှုမှဒေါ်လာ ၁ဒသမ ၃၇ဘီလီယံ ရရှိမည်ဟု ရည်မှန်းထားသည်။

ပြည်ပတင်ပို့မှု

ထို့အပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၃၀၀၊ ရေနံစိမ်းတင်ပို့မှုမှ ဒေါ်လာ၇ဒသမ ၉ဘီလီယံ၊ ကျောက်မီးသွေးမှ ဒေါ်လာသန်း ၄၅၀၊ အထည်အလိပ်နှင့် အသင့်ချုပ်အဝတ်အထည်များမှ ဒေါ်လာ ၇ ဒသမ ၁၂ဘီလီယံ၊ ခြေအိတ်များ တင်ပို့မှုမှဒေါ်လာ၄ဒသမ ၁ ဘီလီယံ၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် ကွန်ပျူတာ အစိတ်အပိုင်းများ တင်ပို့မှုမှ ဒေါ်လာ ၂ဒသမ ၄၅ ဘီလီယံ၊ သစ် အချောထည်ပစ္စည်းများမှ ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံနှင့် လက်မှုအနုပညာ ပစ္စည်းများမှ ဒေါ်လာသန်း ၇၀၀ ရရှိမည်ဟု ရည်မှန်းချက်ထားရှိသည်။

ခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် အမေရိကန်သို့ ဒေါ်လာ ၉ ဒသမ ၇၅ ဘီလီယံ၊ ဥရောပသို့ ဒေါ်လာ ၈ ဒသမ ၉၉ ဘီလီယံ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်နိုင်ငံများအတွက် ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံ၊ ဂျပန်နိုင်ငံသို့ ဒေါ်လာ ၆ ဒသမ ၀၉ ဘီလီယံနှင့် တရုတ်နိုင်ငံသို့ ဒေါ်လာ ၃ ဒသမ ၉၅ ဘီလီယံ တန်ဖိုးရှိ ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်လည်း ခန့်မှန်းထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေလုံကျန်ပြည်နယ်တွင် ကျင်းပသည့် ရေခဲရုပ်တုပွဲတော်ဖွင့်ပွဲတွင် တရုတ်လုပျိုဖြူများ ကပြဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရက်အလွန်အကျွံသောက်မှုနှင့် စိတ်ဓာတ်ကျမှု အမျိုးသားများထက် အမျိုးသမီးများ၌ ပိုမိုဆက်နွယ်မှုရှိ

လန်ဒန် ဇန်နဝါရီ ၇

အရက်အလွန်အကျွံသောက်မှုနှင့် စိတ်ဓာတ်ကျမှုတို့ တစ်ခုနှင့်တစ်ခု ဆက်နွယ်ခြင်းမှာ အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုအဖြစ်များကြောင်း လေ့လာတွေ့ရှိရသည်။

မေးမြန်းစူးစမ်း

အမေရိကန်နှင့် ကနေဒါသုတေသီများက အမျိုးသား ၆၀၀၉ဦးနှင့် အမျိုးသမီး ၈၀၅၄ဦးတို့ကို တွေ့ဆုံပြီး တစ်ဦးချင်းစီ၏ အရက်သောက်သုံးမှုပမာဏနှင့် စိတ်ဓာတ်ကျဆင်း အားငယ်တတ်မှုသမိုင်းတို့ကို မေးမြန်းစူးစမ်းခဲ့သည်။

ပိုမိုစိတ်ဓာတ်ကျ

သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ အရက်ကို အလွန်အကျွံ သောက်သုံးသူ အမျိုးသမီးများသည် အရက်အလွန်အကျွံသောက်သည့် အမျိုးသားများထက် ပိုမိုစိတ်ဓာတ်ကျတတ်ကြောင်း ဆေးပညာရှုထောင့်အရ သိရှိလာရသည်ဆို၏။

သို့သော် အရက်ကို အတန်အသင့်သောက်သုံးလျှင် အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ စိတ်ဓာတ်ကျမှုအန္တရာယ်မရှိနိုင်ကြောင်း တွေ့ရသည်။ **(အင်တာနက်)**

ဆူမတြားရှိ မြေလျှင်လှုပ်

ဂျကာတာ ဇန်နဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ်ရှိ ဘန်ကုလုဒေသ၌ ဇန်နဝါရီ ၄ ရက်က အင်အား ၅ ဒသမ ၂အဆင့်ရှိ မြေလျှင်လှုပ်ခဲ့ကြောင်း ဂျကာတာရှိ မိုးလေဝသနှင့် ဘူမိဗေဒအေဂျင်စီက ပြောကြားသည်။

ဗဟိုပြု

အဆိုပါမြေလျှင်သည် ဂျကာတာ စံတော်ချိန်နံနက် ၇ နာရီ ၆ မိနစ်တွင် ဘန်ကုလုမြို့ အနောက်တောင်ဘက် ၁၆၃ ကီလိုမီတာအကွာ ပင်လယ် ရေအောက် ၃၃ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအေဂျင်စီ၏ တာဝန်ရှိသူဆူတီယိုနိုက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း အိုပက်က ရေနံထုတ်လုပ်မှုလျှော့ချရန် ဆန္ဒရှိ

ဗီယက်နမ် ဇန်နဝါရီ ၇

ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)၏ ပြီးခဲ့သည့်သီတင်းပတ်က ရေနံဈေးနှုန်းမှာ ရေနံတစ်စည်လျှင် ၅၆ ဒသမ၅ ဒေါ်လာဈေးနှုန်းသို့ ကျဆင်းခဲ့ကြောင်း အိုပက်က ဇန်နဝါရီ ၂ရက်၌ ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်က လေးရက်အတွင်း ရေနံတစ်စည် ဈေးနှုန်းမှာ ၅၇ဒသမ၄၅ဒေါ်လာမှ ၅၆ ဒသမ၄၃ ဒေါ်လာသို့ကျဆင်းသွားခဲ့ကြောင်း၊ ကျန်ရက်များတွင် ၅၆ဒသမ ၄၃ ဒေါ်လာနှင့် ၅၆ဒေါ်လာအကြား ရှိနေခဲ့ကြောင်း အိုပက်က ပြောကြားသည်။

ရေနံဈေးနှုန်း ကျဆင်းရခြင်းမှာ ပြီးခဲ့သည့် ရက်များမှာ ခရစ္စမတ်နှင့် နှစ်သစ်ကူးရက်များကြောင့်ဖြစ်ကြောင်း၊ ထိုကာလအတွင်း ရေနံဈေးနှုန်းမှာ တိုးမြင့်မှုမရှိခဲ့ကြောင်းလည်း သိရသည်။

သက်ရောက်မှုမရှိ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီဇင်ဘာ ၂၃ရက်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အပြီးတွင် အီရန်သမ္မတ အာမက်ဒီနီဂျက်က နျူကလီးယားစွမ်းအင်ကို အသုံးပြုမှုအပေါ် ကာကွယ်ပြောကြားမှုများကလည်း ရေနံဈေးနှုန်းအပေါ် မည်သို့မျှ အကျိုးသက်ရောက်မှု မရှိခဲ့ကြောင်း အိုပက်အဖွဲ့က ပြောကြားသည်။

အိုပက်အနေဖြင့် ကမ္ဘာ့ရေနံ ဝယ်လိုအားနှင့် ထုတ်လုပ်မှုအားညီမျှနေစေရန် ထုတ်လုပ်မှုထိန်းချုပ်လိုသည့် ဆန္ဒရှိနေကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ရက်က ကျင်းပခဲ့သောအိုပက်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်၌ဖော်ပြသည်။

ရေနံထုတ်လုပ်မှုကို လျှော့ချလိုက်ခြင်းဖြင့်ရေနံတစ်စည်လျှင်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၆၀ အထိတက်လာနိုင်သည်ဟု ကျွမ်းကျင်သူများကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗြိတိန်တွင် စက်ရုံတစ်ရုံ၌ ဓာတုအဆိပ် စိမ့်ထွက် လူ ၁၁ဦး ဆေးဝါးကုသမှုခံယူနေရ

လန်ဒန် ဇန်ဝါရီ ၇

ဗြိတိန်နိုင်ငံတွင် ဘီအေအက်စ် အက်ဖ် ဓာတုစက်ရုံမှ ဓာတုဗေဒ အဆိပ်များ ယိုစိမ့်ထွက်မှုကြောင့် ဇန်နဝါရီ ၄ ရက်က လူ ၁၁ ဦး အဆိပ်သင့်ခံရပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံနေရကြောင်း စကိုင်းသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

စေလွှတ်

အဆိုပါစက်ရုံမှ ထွက်ရှိသော အိတ်ချ်အမ်ဒီ အဆိပ်များကြောင့် လူသုံးဦး အရေပြားများ လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ၎င်းစက်ရုံမှ သတိပေးချက် ထွက်ပေါ်ခဲ့ပြီးနောက် မီးသတ်နှင့် သူနာပြုအဖွဲ့ဝင်များ အဆိုပါစက်ရုံသို့ စေလွှတ်ခဲ့သည်။

ဒဏ်ရာရ

ကနဦးသတင်း ထုတ်ပြန်ချက်အရ အဆိပ်များကြောင့် လူ ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

သူနာပြုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားရာတွင် လူ ၃၇ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်စီပြည်နယ်တွင် ဇန်နဝါရီ ၅ ရက်က ယာဉ်မတော်တဆမှုကြောင့် တိမ်းမှောက်သွားသော ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျောက်တန်းမြို့နယ် ခနောင်ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းသည် ယမန်နေ့နံနက်၁၀နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မင်္ဂလွန်းစံပြကျေးရွာသို့ ရောက်ရှိပြီး မင်္ဂလွန်းစံပြကျေးရွာ မဟာအတုလဥသျှောင် ကိုးထပ်ကြီးဘုရား တည်ဆောက်မှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တန်ဆောင်း အသစ်တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက တန်ဆောင်းအသစ် တည်ဆောက်မှုအမြန်ပြီးစီးစေရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ကိုးထပ်ကြီးဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးသည် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ခနောင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီးကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆေးပဒေသာပင်

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကို ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

(အပေါ်ယာပုံ)

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကျေးလက် ကျန်းမာရေးဌာနရှိ သားဖွားခန်းကို ကြည့်ရှုစစ်ဆေးသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် တိုင်းမှူးသည် ခနောင်ကျေးရွာအတွင်း သွားရောက်၍ ကြက်များ ကြက်နာကျရောဂါ မဖြစ်ပွားစေ

ရေးအတွက် ဒေသကြက်များအား အပူဒဏ်ခံ ကြက်လည်လိမ်ရောဂါကာကွယ်ဆေး အိုင်တူးမျက်စဉ်းဆေးခတ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများအား ဒိုချက်ကင်းသဘာဝ မြေဩဇာပြုလုပ်ရာတွင် အသုံးပြုရသည့် တင်လဲရည်များကို ထောက်ပံ့ပေးအပ်ကာ ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် ခနောင်ကျေးရွာအနီးရှိ ဒေသ၏ ဆီထွက်သီးနှံဖူလုံစေရေးအတွက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ပဲစိုက်ခင်းနှင့် ပဲစိုက်ခင်းများအကြားရှိ ကြားသီးနှံနေကြာစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး ပဲနှင့်နေကြာကို ပန်းတိုင်အထွက် နှုန်းရရှိစေရေးနှင့် လျာထားဧက ပြည့်မီစေရေးအတွက် စနစ်တကျ စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်ကျောက်တန်းမြို့နယ် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိလာပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ တံတားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းသူရက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်း ကောင်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးမြတ် သက်အောင်က ပန်းတော-ကဒပွန လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာ လမ်းခင်းကျင်းပြီးစီးမှု အခြေအနေ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြ

ထို့နောက် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့်တာဝန်ရှိသူများက ပန်းတော-ကဒပွန လမ်းနှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကား ပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဗိုလ်မှူးရုပ်ကြည်အား ရည်စူး၍ ရန်ကုန်မြို့ ဘောက်ထော်သုခိတာလမ်း အမှတ်(၁၇/က)နေ ဒေါ်မြမြဟန်မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး ၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်

အင်းစိန် ဗဟိုအကျဉ်းထောင်၌ ပျော်ပွဲရွှင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အကျဉ်းဦးစီးဌာန အင်းစိန်တွင် ဇန်နဝါရီ ၄ရက်က ကျင်းပရာ နံနက်ပိုင်းတွင် ကန်သာယာကွင်းနှင့် ထောင်အတွင်း ပြေးပွဲ၊ ပြိုင်ပွဲများကျင်းပပြီး မွန်းလွဲပိုင်းက ပြစ်ဒဏ်ကျ အမျိုးသား၊ အမျိုးသမီး၊ အချုပ်အမျိုးသားနှင့်အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲနှင့်ဆုပေးပွဲကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ဇနီးဒေါ်ခင်ဦး၊ ရန်ကုန်ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ အင်းစိန်ထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ရှည်နှင့် ဦးစီးအရာရှိများ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဗုဒ္ဓအဆုံးအမနှင့် အကျဉ်းထောင် စည်းကမ်း ၁၈ချက် ရွတ်ဆိုပြိုင်ပွဲဆုရရှိသူများ၊ ထောင်တွင်း တစ်ပတ်ပြေးပွဲနှင့် ဘော်လီဘောဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း**(အောက်ပုံ)**နှင့်တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။ **(ဝ၄၆)**

ဆရာစံရပ်ကွက်လုံးဆိုင်ရာ သုံးထပ်ဓမ္မာရုံ ရေစက်ချ မင်္ဂလာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ သုံးထပ် ဓမ္မာရုံသစ်ပြန်လည်တည်ဆောက်ရာတွင် ဘဒ္ဒန္တစန္ဒောဘာသ(မေတ္တာဝါဒီဆရာတော်၊ မေတ္တာဝါဒီ ဟသ်ာတပရဟိတကျောင်း)ကငွေကျပ်၉၀၀၀၀၀၊ သီရိသုဓမ္မမဏိဇောတရေ ဦးကိုကိုအေး-ဒေါ်သီသီနိုင်မိသားစုက ငွေကျပ်သိန်း ၃၅၀၊ ဒုတိယဗိုလ်မှူးကြီးညွန့်ရင်(ငြိမ်း) (ဒေါ်ထားရင်) မိသားစုက ငွေကျပ်၂၁၀၀၀၀၀၊ ဓမ္မာရုံဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဦးတင်ရွှေ-ဒေါ်ကြည်ကြည် မိသားစုက ငွေကျပ် ၃၀၀၀၀၀၀၊ ဦးလှတင် - (ဒေါ်ခင်ဝင်း) မိသားစုက ငွေကျပ် ၃၀၀၀၀၀၀၊ ဦးသောင်းကြည်-ဒေါ်မြင့်ကြည် (ကျိုက်လတ်) မိသားစုက ငွေကျပ်၂၀၅၀၀၀၀၊ ဒေါ်မြင့်၊ သား ဦးအကျွမ်း-ဒေါ်ဥမ္မာဌေး မိသားစုက ငွေကျပ်၁၅၂၈၅၀၀၊ ဦးသိန်းကျော်-ဒေါ်သန်းရှင်၊ ဦးဝင်းကြည်-ဒေါ်ဆွေဆွေမြင့်၊ ဦးသန်းနိုင်-ဒေါ်ယုမိကိုမိသားစုတို့က ငွေကျပ်၁၅၀၀၀၀၀၊ ဒေါ်စန်းမိသားစုက ငွေကျပ်၁၂၀၀၀၀၀၊ ဒေါ်သန်းရီ မိသားစုက ငွေကျပ် ၁၂၀၀၀၀၀၊ ဦးကိုကိုလေး - ဒေါ်သက်သက်လှိုင် မိသားစုက ငွေကျပ် ၁၃၀၅၂၀၀၊ စိန်ဗီဒီယိုစတိုးက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးသန်း-ဒေါ်ညွန့်ရီ မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်အုန်းအုန်းမြတ် မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဦးအောင်စိုး မိသားစုက ငွေကျပ် ၁၀၀၀၀၀၀ မတည် လှူဒါန်းကြသည့် ဓမ္မာရုံသစ်ဖွင့်ပွဲ၊ တတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲနှင့် ရေစက်ချ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် (စနေနေ့) နံနက်၈နာရီတွင် ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် ဓမ္မာရုံသစ်ကြီး တည်ဆောက်ရာတွင် လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မာရုံအလှူခံဌာနအမှတ်(၁၄၂/၁၄၄)၊ ဦးချစ်မောင်လမ်း၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးညွန့်ရင်၊ ဒုတိယ ဗိုလ်မှူးကြီး(ငြိမ်း) ဖုန်း-၅၅၆၀၈၁၊ဥက္ကဋ္ဌဦးတင်ရွှေ(သီဟသုဓမ္မမဏိဇောတရေ) ဖုန်း-၀၉-၅၁၀၅၄၀၀၊ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုကြီး၊ ဖုန်း-၀၉-၉၉-၂၁၂၃၉၊ ဘဏ္ဍာရေးမှူး ဦးမင်းအောင် ဖုန်း-၀၉-၅၀-၁၅၄၅၀၊ သီရိသုဓမ္မမဏိဇောတရေ ဦးကိုကိုအေး (အကျိုးတော်ဆောင်) ဖုန်း-၀၉-၈၂၅၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘိုကလေးမြို့နယ် မြင်းကကုန်း အဆင့်မြင့်စံပြကျေးရွာ စာကြည့်တိုက်၊ ဆိပ်ခံဖောတံတားနှင့် လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ဘိုကလေးမြို့နယ် မြင်းကကုန်း အဆင့်မြင့် စံပြကျေးရွာတွင် ဇန်နဝါရီ ၁ရက်က စာကြည့်တိုက်၊ ဆိပ်ခံဖောတံတားနှင့် လမ်းသစ်ဖွင့်ပွဲ ကျင်းပရာ ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်း အမှတ် (၅၄/ဂ)နေ အစ်မကြီး ဒေါ်ဟုန်အား အမှူးထား၍ ဦးကံလှ-ဒေါ်ပို

မိသားစုက ငွေကျပ်သိန်း၁၁၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းပြီးစီးသွားသည့် ပညာအလင်း စာကြည့်တိုက် အဆောက်အအုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ခရိုင်အတွင်းရေးမှူး ဦးဘုန်းမြင့်တို့က လည်းကောင်း **(ဝဲပုံ)**၊ ရန်ကုန်မြို့ ရှင်စောပုလမ်းနေ မိခင်ကြီး ဒေါ်မေမေစုအား အမှူးထား၍ ဦးကြိုင်နှင့် ညီအစ်ကိုမောင်နှမများက ငွေကျပ် သိန်း၃၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းသည့် ဆိပ်ခံဖောနှင့် တံတားကို ခရိုင်အတွင်းရေးမှူး ဦးဘုန်းမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က လည်းကောင်း၊ စိုးပိုင်ရပ်ကွက်ရှိ သုမင်္ဂလာလမ်းသစ်ကို မြို့နယ် ဥက္ကဋ္ဌ ဦးစိုးသိန်း ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြောင်း သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက်က မဏ္ဍိုင်လေ့ကျင့်ရေး အားကစားကွင်း၌ ကျင်းပရာ ပထမဆုရ (ဂ)ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်းချုပ်

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်းဖြစ်ပျက်ခဲ့သော ထူးခြားသတင်းများမှ အချို့ကို စုစည်းပြီး မြန်မာ့အလင်း ပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

ဇန်နဝါရီ ၁ ရက်

– တောင်ကိုရီးယားနိုင်ငံသား ဘန်ကီမွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်များကို စတင်ထမ်းဆောင်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဟု ၎င်းက ကတိပြုပြောဆိုလိုက်သည်။

– တရုတ်နိုင်ငံ တစ်ဝန်းတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ပေါင်း ၁၂၈၃၀ ရှိပြီး၊ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်မှာ ၂၈၈ ခု၊ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ် ၁၃၀၇ ခု၊ ကြယ်သုံးပွင့်ရှိ ဟိုတယ် ၄၇၄၇ နှင့် ကြယ်နှစ်ပွင့်ရှိ ဟိုတယ်၆၅၀၀ ရှိကြောင်း တရုတ်အမျိုးသား ခရီးသွားလုပ်ငန်း အဖွဲ့က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂ ရက်

– ခရီးသည် ၉၆ဦး တင်ဆောင်ပျံသန်းလာသော ဘိုရင်း ၇၃၇–၂၀၀ လေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမြို့မှ မာနာဒိုမြို့သို့ ပျံသန်းလာခြင်းဖြစ်ပြီး လမ်းခရီး၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုကြောင့် ခရီးသည်အများအပြားသေဆုံးခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ပျက်ကျခဲ့ရခြင်းဖြစ်သည်ဟု အင်ဒိုနီးရှား မီဒီယာများက ဖော်ပြသည်။

– စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၀၆ ခုနှစ်ကုန်က ၇ ဒသမ ၇ သန်းရှိခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃ ရက်

– နာဆာအနေဖြင့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် လကမ္ဘာ၌ အခိုင်အမာစခန်းများ တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်မှုပြီးစီးသွားပါက ၎င်းစခန်းများတွင် နေထိုင်၍ သုတေသနလုပ်ငန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

– ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားနေသူ ၃၉ ဒသမ ၅ သန်းခန့်ရှိရာ ၂၀၀၆ ခုနှစ် တစ်နှစ်အတွင်း၌ပင် လူသုံးသန်းခန့်သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂမှထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ဇန်နဝါရီ ၄ ရက်

– တရုတ်နိုင်ငံ ဟောင်ကောင်ဒေသမှ မာဂရက်ချန် ၅၉ နှစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အကြီးအကဲအဖြစ် စတင်တာဝန်ယူဆောင်ရွက်သည်။ မာဂရက်ချန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲအဖြစ် ၂၀၁၁ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

– တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာအများဆုံး သုံးစွဲသောနိုင်ငံများဖြစ်ကြောင်း၊ နိုင်ငံ့စွမ်းအင်လိုအပ်ချက်အရ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားနေရဆဲဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

ဇန်နဝါရီ ၅ ရက်

– အီရန်နိုင်ငံသည် မကြာမီအချိန်အတွင်း နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ပြောကြားသည်။ ထို့အပြင် နျူကလီးယားနည်းပညာကို ပင်လယ်ကွေ့နိုင်ငံများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

– ဂျပန်နိုင်ငံသားအနေဖြင့် ပြည်ပသို့ ခရီးထွက်ရာတွင် တရုတ်နိုင်ငံသို့ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသို့ ၈ ဒသမ ၂ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသို့ ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံသို့ ၂၀ ရာခိုင်နှုန်းကျော် သွားရောက်လည်ပတ်ခဲ့ကြရာ ၂၀၀၅ ခုနှစ်ကထက် ၂၀၀၆ ခုနှစ်တွင် ပိုမိုခရီးသွားခဲ့သည်ဟု ဂျပန်ခရီးသွားလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၆ ရက်

– ဗီယက်နမ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူ ၁၄ ဒသမ ၅ သန်းရှိနေပြီဖြစ်ရာ ဗီယက်နမ်နိုင်ငံ လူဦးရေ၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အင်တာနက်သုံးစွဲသူ အရေအတွက်သည် ၂၀၀၇ ခုနှစ်တွင် နှစ်ဆတိုးတက်လာမည်ဖြစ်ကြောင်း ဗီယက်နမ် သတင်းဌာနက သတင်းထုတ်ပြန်သည်။ (ယာပုံ)

– အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့်ပူးတွဲကာ ကာကွယ်ရေးဆိုင်ရာ လက်နက်များ ဆန်းသစ် ခေတ်မီလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။

ဇန်နဝါရီ ၇ ရက်

– တရုတ်နိုင်ငံသည် လာမည့် ၁၀ နှစ်အတွင်း တောင်ဝင်ရိုးစွန်း၌ အာကာသလေ့လာရေးစခန်းတစ်ခု ထူထောင်မည်ဖြစ်ကြောင်း၊ ၎င်းစခန်းတွင် အဏုကြည့်မှန်ပြောင်းပေါင်း ၄၀၀ ကျော်ကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ တည်ဆောက်မည့်နေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၀၉၃ ပေမြင့်သော နေရာတစ်ခုကိုရွေးချယ်မည်ဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

– အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးအခြေစိုက်စခန်းတစ်ခုကို ချက်နိုင်ငံတွင် လာရောက်ထားရှိရန်စီစဉ်နေခြင်းကို ဒတ်ချ်ပြည်သူ ၆၅ ရာခိုင်နှုန်းက ကန့်ကွက်လျက်ရှိကြောင်း ဒတ်ချ်နိုင်ငံထုတ် ဒိန်းစ်သတင်း၌ ဖော်ပြလိုက်သည်။ (အင်တာနက်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင် ဖတ်ကြားစဉ်။ (၃၀၂)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ ဘေးမဲ့ရိပ်သာ အထက်ခြံကျောင်းတိုက် ပဓာနနာယက ရွှေသင်းဆရာတော် အရှင်သုန္ဒရဓမ္မ နယ်လှည့်ဓမ္မကထိက ဆရာတော်အရှင်မြတ်သည် ရေးမြို့နယ် ခမင်းဆိပ်ကျေးရွာ မင်းဓမ္မဗိမာန်၌ ဇန်နဝါရီ ၈ ရက်၌ လည်းကောင်း၊ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာအုပ်စု မြာတလိုင်းကျင်းကျောင်း၌ ၂၀ ရက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၆ ရက်က ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘ ဆရာ ကျောင်းသား စုံညီပွဲတော်အခမ်းအနားကို စကားဝါခန်းမ၌ ကျင်းပရာ မြန်မာစာထူးချွန်ဆု ရရှိသူ မလင်းဇော်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကျောက်တံတားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဇန်နဝါရီ ၃ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ဆုရရှိသူ သားကောင်းမိခင်နှင့် ကလေးများအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်က ဆုများပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူးထွက်မည်

ရန်ကုန် ဇန်နဝါရီ ၇

ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ မြတ်မော်တင်ဘုရားဖူးခရီးစဉ်(၁)ကိုကား၊ ရေယာဉ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ နှစ်ညအိပ် သုံးရက်ခရီးစဉ်ကိုလည်းကောင်း၊ ခရီးစဉ်(၂)ကို ကား၊ ရေယာဉ်ဖြင့် မတ် ၁ ရက်မှ ၄ ရက်အထိ နှစ်ညအိပ်သုံးရက်ခရီးစဉ်ကိုလည်းကောင်း၊ အထူးခရီးစဉ်(၂)ကို နှစ်ထပ်ရေယာဉ်ဖြင့် မတ် ၁ ရက်မှ ၄ ရက်အထိ နှစ်ညအိပ် သုံးရက်ခရီးစဉ်ကိုလည်းကောင်း ဘုရားဖူးထွက်မည်ဖြစ်သည်။

ပုသိမ်အသင်း(ရန်ကုန်) အသင်းဝင်များ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလိုက်ပါလိုသော ဓမ္မမိတ်ဆွေများသည် ပုသိမ်အသင်း(ရန်ကုန်) အမှတ် ၂၀၂/၂၁၄ (ပထမထပ်) အခန်း ၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း–၃၇၉၂၅၈ သို့လည်းကောင်း၊ ဦးလေးတင့်(ဘဏ္ဍာရေးမှူး) အမှတ် ၈၄၀ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ် ဖုန်း–၂၂၁၉၇၈၊ ၇၀၁၄၇၃ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒုတိယအကြိမ် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် YKKO မြင်းစီးကလပ်မှ မြင်းစီးအားကစားသမားများ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ဤသို့လေ့ကျင့်လျက် ရှိကြသည်။
(မြင်းစီးအဖွဲ့ချုပ်)

*** ကျောဖုံးမှ**

အငယ်တန်း

ဇန်နဝါရီ၂၀ရက်တွင် စခန်းဖွင့်ပွဲနှင့်အငယ်တန်းခရီးရှည် မြင်းစီးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ အငယ်တန်းခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲသည် တာလွှတ်သည်မှ ပန်းဝင်သည်အထိ ၄၅ကီလိုမီတာ(မိုင်၃၀) ကွာဝေးမည်ဖြစ်သည်။အငယ်တန်းခရီးရှည် မြင်းစီးပြိုင်ပွဲသည် အကြီးတန်း ခရီးရှည် မြင်းစီးပြိုင်ပွဲ၏ ဒုတိယပတ် ၂၅ကီလိုမီတာနှင့် တတိယပတ် ကီလိုမီတာ ၂၀ စုစုပေါင်း ၄၅ ကီလိုမီတာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အငယ်တန်းခရီးရှည် မြင်းစီးပြိုင်ပွဲတွင်အသက်၁၄နှစ်အထက် အမျိုးသား၊ အမျိုးသမီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်မြင်းမှာ သုံးနှစ်ပြည့်ပြီးသော မြင်းဖြစ်ရမည်ဖြစ်ပြီး ကျန်စည်းမျဉ်းစည်းကမ်းများနှင့် ပြိုင်ပွဲဝင်နည်းစနစ်အားလုံးမှာ အကြီးတန်းပြိုင်ပွဲ၏ သတ်မှတ်ချက်အတိုင်းဖြစ်သည်။

အကြီးတန်း

ဇန်နဝါရီ ၂၁ရက်တွင် အကြီးတန်း ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ တာလွှတ်သည်မှ ပန်းဝင်သည်အထိ ကီလိုမီတာ၈၀ (မိုင်၅၀) ကွာဝေးမည်ဖြစ်သည်။ ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု လေင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်မှ နံနက် ၄နာရီတွင် စတင်တာလွှတ်ပြီး ပုဂံဘုရားများကို ပတ်ကာ YKKO မြင်းစီးကလပ်၌ ပြန်လည်ပန်းဝင်ရမည်ဖြစ်သည်။

ငွေသားဆု

ပြိုင်ပွဲဝင်ဦးရေကန့်သတ်ချက် မရှိဘဲ အကြီးတန်းပြိုင်ပွဲ၌ အသက်၁၆ နှစ်အထက် အမျိုးသား၊ အမျိုးသမီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် မြင်းမှာ လေးနှစ်ပြည့်ပြီးသော မြင်းဖြစ်ရမည်ဖြစ်ပြီး မိမိတို့ အစီအစဉ်ဖြင့် ယူဆောင်လာရမည် ဖြစ်သည်။ ပြိုင်ပွဲတွင် ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်းနှင့် ပဉ္စမဆုငွေကျပ်ငါးသောင်း ချီးမြှင့်မည် ဖြစ်သည်။

တွေ့ဆုံမေးမြန်း

ဒုတိယအကြိမ် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပြိုင်ပွဲဝင်များ သိရှိလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ နည်းစနစ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြင်းစီးအားကစား အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးငြိမ်းကျော်အား ပြိုင်ပွဲဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ နည်းစနစ်များနှင့် ပတ်သက်၍ မေးမြန်းရာ "ပြိုင်ပွဲဝင် အားကစားသမားများကို နိုင်ငံတကာ ပြိုင်ပွဲများကဲ့သို့ ကိုယ်အလေးချိန် မသတ်မှတ်ဘဲ ကျန်းမာရေးကောင်းသူဖြစ်လျှင်ယှဉ်ပြိုင်ခွင့်ပြုကြောင်း၊ မြင်း၌ တပ်ဆင်ထားသည့် ပစ္စည်းများနှင့် အားကစားသမား ဝတ်ဆင်သည့် ပစ္စည်းများသည် လူနှင့်မြင်းကို မထိခိုက်စေရန်နှင့် ထိခိုက်မှုမှ ကာကွယ်နိုင်ရန် လုံလောက်သော ပစ္စည်းမျိုး ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲလမ်းမှာ မြေလမ်းနှင့် သဲလမ်းဖြစ်ကြောင်း၊ အမြန်နှုန်းသတ်မှတ်ချက်အရ အနည်းဆုံး တစ်နာရီ ကီလိုမီတာ ၁၀၊ အများဆုံး တစ်နာရီ ၁၅ ကီလိုမီတာ စီးရမည်ဖြစ်ကြောင်း၊ သို့သော် နောက်ဆုံးပန်းဝင် (တာဝင်) ရန်အပတ်တွင် အများဆုံးနှုန်းကန့်သတ်ချက် မထားကြောင်း၊ ခရီးပတ်လမ်းများ အနေဖြင့်ပထမပတ် ၃၅ကီလိုမီတာကို YKKO ကလပ်မှ တာထွက်၍ ဗျူဟာပန်းဆက်လမ်းအတိုင်း ၁၇ဒသမ ၅ကီလိုမီတာစီးပြီးလျှင် U Turn ပြန်လှည့်ရမည်ဖြစ်ကြောင်း၊ ဒုတိယပတ် ၂၅ကီလိုမီတာကို YKKO ကလပ်မှ တာထွက်၍ ဗျူဟာပန်းဆက်လမ်းအတိုင်း ၁၂ဒသမ ၅ကီလိုမီ တာစီးပြီးလျှင် U Turn ပြန်လှည့်ရမည် ဖြစ်ကြောင်း၊ တတိယပတ် ကီလိုမီတာ ၂၀ကို YKKO ကလပ်မှတာထွက်ပြီး ဗျူဟာပန်းဆက်လမ်းအတိုင်း ကီလိုမီတာ ၁၀စီးပြီးလျှင် U Turn ပြန်လှည့်ရမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒုတိယအကြိမ် ခရီးရှည် မြင်းစီး အားကစား ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ရန် အတွက် YKKO မြင်းစီး ကလပ်မှ မြင်းစီး အားကစား သမားများ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ဤသို့ လေ့ကျင့်လျက်ရှိကြသည်။
(မြင်းစီးအဖွဲ့ချုပ်)

ရေတိုက်ရမည်

ခရီးစဉ်တစ်လျှောက် ရေပေးစခန်းများထားရှိမည့် အစီအစဉ်နှင့် ပတ်သက်၍ အတွင်းရေးမှူး ဦးငြိမ်းကျော်အားမေးမြန်းရာ"ခရီးလမ်း၏ ၇ကီလိုမီတာတိုင်း၌ မြင်းရေတိုက်ရန်၊ ဆေးတိုက်ရန်၊ လူအတွက်လိုအပ်သည့်အစားအသောက်များ ကျွေးမွေးရန် Water point များ ထားရှိမည်ဖြစ် ကြောင်း၊ Water point များ၌ ပြိုင်ပွဲဝင်အားလုံး စည်းကြပ်ဒိုင်ထံ မလွဲမသွေ သတင်းပို့ပြီး မြင်းကို ရေတိုက်ရမည်ဖြစ်ကြောင်း၊ ခရီးတစ်ဝက် U Turn point များသို့ မလွဲမသွေရောက်အောင်စီးပြီး စည်းကြပ်ဒိုင်ထံ သတင်းပို့ကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတာထွက်ချိန်၊ တာဝင်ချိန်၊ မြင်းနှလုံးခုန်နှုန်း(Heart Beat) တိုင်းတာချိန်၊ Water point ရောက်ချိန်နှင့် U Turn point ရောက်ချိန်တိုင်း၌ တာဝန်ကျဒိုင်ထံမလွဲမသွေသတင်းပို့ရန်နှင့်သတင်းမပို့ပါက ပြိုင်ပွဲဝင်ရောက်သူအဖြစ်သတ်မှတ်မည် မဟုတ်ကြောင်း၊ နောက်ဆုံးပန်းဝင်(တာဝင်)သည့် တတိယပတ်မှလွဲ၍ ပထမပတ်နှင့် ဒုတိယပတ်များတွင် အမြန်နှုန်း တစ်နာရီ ၁၅ကီလိုမီတာ သတ်မှတ်ထား၍ ပထမပတ် ၃၅ကီလိုမီတာအတွက် အနည်းဆုံး ၂နာရီမိနစ် ၂၀ကြာမှပန်းဝင်(တာဝင်) ရန်နှင့် ဒုတိယပတ် ၂၅ကီလိုမီတာ အတွက် အနည်းဆုံး ၁နာရီမိနစ် ၄၀ ကြာမှ ပန်းဝင်(တာဝင်)ရန် သိရှိထားကြရမည် ဖြစ်ကြောင်း၊ နောက်ဆုံးပတ်တွင် အမြန်နှုန်းမကန့်သတ်ဘဲ ပထမဆုံးပန်းဝင်သူကို ဦးစားပေးမည်ဖြစ်ကြောင်း၊ လူနှင့်မြင်းကျန်းမာရေးပြည့်စုံသောအခြေအနေမရှိပါက ဆက်လက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ယှဉ်ပြိုင်ကြမည်

ဆက်လက်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ အမှုဆောင် (ဘဏ္ဍာရေးမှူး) ဦးဉာဏ်လင်းအား ပြိုင်ပွဲဝင်များ စာရင်းပေးသွင်းမှု အခြေအနေကို မေးမြန်းရာ "ယခုအခါ ရန်ကုန်မြင်းစီးအသင်း၊ YKKO မြင်းစီးကလပ်၊ မိတ္ထီလာနှင့် ညောင်ဦးမြို့နယ်များ၌ အားကစားသမား ၅၀ခန့် လေ့ကျင့်လျက်ရှိကြောင်း၊ ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းထားသူ ၃၀ခန့်ရှိပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်လိုသူများ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်နှင့် ဆက်သွယ်ကြရန် လိုကြောင်း၊ ပြည်တွင်းရှိ နိုင်ငံခြားသားများလည်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

ရည်ရွယ်ချက်

ခရီးရှည် မြင်းစီးအားကစား ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ အတွင်းရေးမှူး ဦးဉာဏ်လင်းအား မေးမြန်းရာ "မြင်းစီးပြိုင်ပွဲဆိုလျှင် အချို့က လောင်းကစား သဘောမျိုးလောက်သာ စွဲထင်နေကြကြောင်း၊ မြင်းစီး အားကစားသည် သက်ရှိပစ္စည်းဖြင့် ယှဉ်ပြိုင်ရသော အားကစားနည်းဖြစ်၍ စိတ်ဝင်စားစရာကောင်းကြောင်း၊ ခရီးရှည်မြင်းစီး အားကစားပြိုင်ပွဲကို မြင်းစီး အားကစားနည်း တိုးတက်လာစေရေး၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး၊ မြင်းမျိုးကောင်းများ ထိန်းသိမ်းမွေးမြူလာရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

စာရင်းပေးသွင်းနိုင်

ဒုတိယအကြိမ် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုကြသော မြန်မာနိုင်ငံ အရပ်ရပ်မှ မြင်းစီးအားကစား ဝါသနာရှင်များသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပင်လုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့်ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု လေင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းစကားပါး ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး-ကိုထွေး

၂၀၀၄ ခုနှစ်က ပထမအကြိမ်ခရီးရှည် မြင်းစီး အားကစား ပြိုင်ပွဲကို ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် မြင်းစီး အားကစား သမားတစ်ဦး ယှဉ်ပြိုင်နေမှုအား ဤသို့ တွေ့ရသည်။
(မြင်းစီးအဖွဲ့ချုပ်)

ဇန်နဝါရီ ၆ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ဝိပဿနာစေတီတော်ကြီးအတွက် ဦးမောင်တင်၊ ဒေါ်ခင်ခင်၊ ဒေါ်တင်တင်တို့အား ရည်စူး၍ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ဦးချစ်မောင်လမ်း အမှတ်၁၃၄(တတိယထပ်)နေ ဦးအေးကို-ဒေါ်ခင်ရွှေဝါမြင့် မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ဂေါပကအမှုဆောင် ဒေါ်ထွေးထွေး လက်ခံယူစဉ်။ (က-ပ)

ကျောက်ဆည်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်(စနေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ အုတ်လမ်းမှတ်တိုင်ရှေ့ရှိ ကျောက်ဆည်ဓမ္မာရုံဗိမာန်တော်ကြီးတွင် ကျင်းပမည် ဖြစ်သည်။ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူအသင်းသားများ၏ အမှတ်စာရင်းများကို ဇန်နဝါရီ ၁၆ရက် နောက်ဆုံးထား၍ ကျောက်ဆည်အသင်းရုံးခန်း ဖုန်း-၅၅၂၇၃၆သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားပြီး ကျောက်ဆည်အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

အရှင်သုမန ပခုက္ကူနယ်လှည့်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဓမ္မာအေးကျောင်းတိုက် ဗုဒ္ဓဝါဒီကျောင်းမှ မိုးကုတ်ဝိပဿနာ နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အရှင်သုမန(ပခုက္ကူ)သည် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူကာ ဇန်နဝါရီ၁၇ရက်မှ ၂၄ရက်အထိ သုံးဆယ်မြို့ ပန်းဆွဲလမ်း မာတိကာရုံကျောင်း၊ ၂၆ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ မအူပင်မြို့နယ် ဝဲဒေါင့်ကျေးရွာ၊ ၃ရက်မှ ၈ရက်အထိ မအူပင်မြို့နယ် လက်ပန်တန်းရွာ၊ ၁၁ရက် ည၇နာရီတွင် ဇရာကျောင်းလမ်း ဝါတွင်း၊ ဝါပ ဗုဒ္ဓဟူးဆွမ်းလောင်း အသင်း စတုတ္ထကြိမ်မြောက် ဓမ္မသဘင်၊ ၁၃ ရက်မှ ၂၀ရက်အထိ ကွမ်းခြံကုန်းမြို့နယ် သောင်ခုံရွာ၊ ၂၅ရက်မှ မတ် ၂ရက်အထိ ပခုက္ကူမြို့နယ် ညောင်ပင်လှကျောင်းစု ဣန္ဒာသယ ဓမ္မရိပ်သာ၊ ၇ရက်မှ ၁၄ရက်အထိ ပဲခူးတိုင်း ဇီးကုန်းမြို့နယ် စံပါယ်မြောင်ရွာ၊ ၂၄ ရက်မှ ၃၀ရက်အထိ ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်းရွာ၊ ဧပြီ ၂ရက်မှ ၉ရက်အထိ အဖျောက်မြို့ မြို့ဦးသာသနာ့ရိပ်သာ၊ ၁၂ရက်မှ ၁၇ရက်အထိ သင်္ကြန်စခန်းပွဲ ရွှေပြည်သာမြို့ အောင်သော်တာ ဓမ္မရိပ်သာတို့၌ တရားစခန်းပွဲများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

Grand Royal Special Reserve Golf Championship 2007 ပြိုင်ပွဲကို Qualify Rounds နှင့် Final Round ဟူ၍ နှစ်ပိုင်းခွဲခြားပြီး Qualify Rounds ကို ဇန်နဝါရီ၂၀ရက်နှင့် ၂၁ရက်တို့တွင် မန္တလေးမြို့၌ လည်းကောင်း၊ ဖေဖော်ဝါရီ၁၀ရက်နှင့် ၁၁ရက်တို့တွင် တောင်ကြီးမြို့၌လည်းကောင်း၊ မတ်၃ရက်နှင့် ၄ရက်တို့တွင် မော်လမြိုင်မြို့၌ လည်းကောင်း၊ မတ်၂၂ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး Final Round ကို ဧပြီ ၆ရက်၊ ၇ရက်နှင့် ၈ရက်တို့တွင် ရန်ကုန်မြို့၌ လည်းကောင်း အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာ၌ အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းက ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းက HIV/AIDS ရောဂါတားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဒေါ်ရီရီသန်းက လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူးက ဆိပ်ခွန်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် ကျေးရွာပြည်သူများအတွက် မုန့်ချိုတိုင်းရင်းဆေးဝါးများနှင့် အိုင်အိုဒင်းဆားထုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ရွှေဘိုခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၅၀၀ ကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာန ကြီးမှူးက ဆိပ်ခွန်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပြီး စကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူးနှင့် အဖွဲ့သည် ဆိပ်ခွန်ကျေးရွာနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ထုတ်ပေးထားသော အသေးစားချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေသော အထည်ရက်လုပ်ငန်း (လက်ရက်ကန်း၊ စက်ရက်ကန်း)ဖြင့် ရက်လုပ်ထားသည့် အထည်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အမျိုးသမီးရေးရာ ကိစ္စရပ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာတွင် အမျိုးသမီးများအား အသိပညာပေး ဟောပြောစဉ်။ (သတင်းစဉ်)

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် မြို့ဦးစေတီ ဘုတာရုံ ဓမ္မရိပ်သာကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာ အရှင်စန္ဒသူရိယက ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ ဇန်နဝါရီ ၁၆ ရက်ညနေတွင် အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ မဟာဂန္ဓာရုံကျောင်းတော်မှ ဆရာတော် ဦးကုဏ္ဍာစာရသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၄ ရက်က မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ်နှစ်သိန်းကို ငွေပဒေသာပင်အဖြစ် အမှတ် ၁၆ မဟာစည်သာသနာ့ရိပ်သာလမ်း ဗဟန်း ရန်ကုန်မြို့ရှိ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အမှုဆောင်အဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

■ ရှေ့ဖုံးမှ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျေးရွာ မူလတန်း ကျောင်းဟောင်းနှင့် ဆောက်လုပ်ပြီး မူလတန်းကျောင်းသစ်ကိုလည်းကောင်း၊ ရေအားဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

ပေါင်းလောင်းအရှေ့ခြမ်းတစ်ဝိုက်ရှိ တောင်ပေါ်ကျေးရွာ ၆၇ ရွာ အနက် ရေအားလျှပ်စစ်မီးစက် ၂၈ ရွာ တပ်ဆင်ပြီးဖြစ်ရာ ကျန် ၃၉ ရွာအတွက် မီးရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့ဖွင့်လှစ်ပေးခဲ့သော ရေအားလျှပ်စစ်မှာ 5.KVA ထွက်ရှိပြီး နှစ်ပေမီးချောင်း အချောင်း ၅၀ ကို မီးထွန်းနိုင်ကြောင်း သိရသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီးဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပျဉ်းမနားခရိုင် ဘန်ဘားကျေးရွာအုပ်စု၊ အောင်ဘိတ်သိတ်ကျေးရွာ ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားနှင့် ရေအားလျှပ်စစ်ဓာတ်အားဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် စည်းရုံးရေးမှူးတို့က ရောင်ခြည်ဦး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

မီးစက်ခလုတ်ဖွင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရေအားလျှပ်စစ် မီးစက်ခလုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျေးရွာ ပြည်သူများကိုယ်စား စည်းရုံးရေးမှူးက အသင်းဝင် အဆိုပြုလွှာ ၂၀၀ ကို ပျဉ်းမနားခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဌေးထံ ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက အောင်ဘိတ်သိတ်ကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်သို့ ဂျာနယ်မျိုးစုံနှင့် စာနယ်ဇင်းများကို ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေအားလျှပ်စစ်လုပ်ငန်းများကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘိလပ်မြေစက်ရုံ စီမံကိန်း(နေပြည်တော်)သို့ ရောက်ရှိပြီး ထုံးကျောက်သိုက်ကြွယ်ဝသော တောင်ဖီလာတောင်နှင့် ပင်မစက်ရုံဆက်စပ် အဆောက်အအုံများ တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးများအား မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက လုပ်ငန်းဆိုင်ရာအစီအမံများကိုရှင်းလင်းတင်ပြရာ ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များ ဖြည့်ဆည်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း ရေနီမြို့ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ရေနီအမှတ်(၂) စက္ကူစက်ရုံဝင်းအတွင်း တန် ၈၀၊ တန် ၅၀ စက္ကူညှိနှင့်ပျော့ဖက်စက်ရုံစီမံကိန်းသို့ ရောက်ရှိကာ စီမံကိန်းများ အကောင်အထည်ဖော်မှုများကို ကြည့်ရှုစစ်ဆေးသည်။

လက်ဆောင်ပေး

ထို့နောက် ဝန်ကြီးအား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး မှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်ပိုင်း)ရပ်ကွက် ဓမ္မာရုံလမ်း အမှတ် ၃ နေ ဦးအန်းကူ–ဒေါ်ခင်မေဦး တို့က သမီး မလှဝင်းသူ၏ (၁၇) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာရှိ ဓမ္မဝိစာရီ သီလရှင်စာသင်တိုက် တိုးချဲ့ဆောက်လုပ်ရန် ကျောင်းနှင့်ကပ်လျက် ပေ ၆၀ x ပေ၄၀ မြေကွက်ကို ဝယ်ယူပြီး ဇန်နဝါရီ ၅ ရက်က ကျောင်းထိုင်သီလရှင် ဆရာလေး ဝိစာရီထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်၊ ပြက္ခဒိန်နှင့် ငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၇

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး အဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်၊ စာစောင်၊ ဘိုးဘွားရိပ်သာ ပြက္ခဒိန်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ကျင်းပရာ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)က ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများကိုယ်စား အဘိုးဖုန်းနှင့် အဘွား ဒေါ်တင်မြိုင်တို့ကလည်းကောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများကိုယ်စား အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ လှူဒါန်းမှုအစုစုမှာ စာအုပ်စာစောင် အုပ်ရေ ၃၃၀၀၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာပြက္ခဒိန် ၅၀၀ နှင့် ငွေသား ကျပ် ၂၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်ကျွန်း အထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၇

မော်လမြိုင်ကျွန်းမြို့ အထက(၁) (ယခင်အစိုးရအထက်တန်းကျောင်း)တွင် ကျောင်းစတင်ဖွင့်လှစ်သည်မှ ၂၀၀၆ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်(စနေနေ့) ညနေ ၅ နာရီတွင် ကျောင်းရင်ပြင်၌ကျင်းပမည်ဖြစ်ရာ မော်လမြိုင်ကျွန်းမြို့ အထက(၁)တွင် အနည်းဆုံး လုပ်သက်တစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသည့် အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအားလုံး ကန်တော့ခံကြွရောက်ကြရန်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ထို့အပြင် မော်လမြိုင်ကျွန်းမြို့ အထက(၁)၏(၇၅)နှစ်ပြည့် စိန်ရတုပွဲတော်နှင့် (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပူဇော်လှူဒါန်းလိုသူများသည် ဦးစံသိန်း (နာယက မော်ကျွန်း) ဖုန်း–၀၄၂–၅၀၁၅၂၊ ဦးထွန်းမြင့် (ဥက္ကဋ္ဌ ကျောင်းအုပ် အထက(၁)မော်ကျွန်း)၊ ဦးစိုးပိုင် မော်လမြိုင် ကျွန်းအသင်း အတွင်းရေးမှူး(ရန်ကုန်) မြန်မာ့မျက်မှန်လုပ်ငန်းရုံး ဖုန်း–၀၁–၃၇၅၆၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၉၇)

တာမွေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ သူငယ်တန်းတွင် ဘာသာစုံ ပထမရရှိသော မသော်သော်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဆွေက ဆုချီးမြှင့်စဉ်။ (က–ပ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၇

ပုပ္ပားတောင် ဂေါက်အသင်းတွင် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က ကစားဖော်များဖြစ်သော ဦးသန်းဝင်း၊ ဦးခင်မောင်ရွှေ၊ ဦးမင်းမင်းတို့နှင့် အတူ ဂေါက်သီးရိုက်ကစားရာ ဦးငြိမ်းမောင်သည် ကျင်းအမှတ် ၇ ကို ၁၃၅ ကိုက်အကွာမှ Tour Special ဘောလုံးအား Iron 9 Callaway တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(က–ပ)

● *ကျောဖုံးမှ*

ငါးချီစိန်ခေါ်ပွဲ

လေးချီ စိန်ခေါ်ပွဲများအပြီးတွင် ငါးချီ အထူးစိန်ခေါ်ပွဲများကို ဆက်လက်ကျင်းပရာ ပွဲဦးထွက်အဖြစ် မိုးကြိုး(K.L.N)နှင့် သုဝဏ္ဏမောင်(သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ဒိုင်လူကြီးက ထိုးဆိုသည်နှင့် မိုးကြိုးက မိုးကြိုးပစ်သလို ဆိုးကနဲ ဆတ်ကနဲ၊ ဖြိုးကနဲ ဖျတ်ကနဲ လိုက်ထိုးသည်။ သုဝဏ္ဏမောင်ကလည်း ခြေကန်ချက်ဖြင့် တန်ပြန်ထိုးရာ ဘေးလူများပင် သွေးဆူလာရသည်။

နှစ်ဦးစလုံး တွဲလုံးကိုသုံးပြီး ဖွဲ့ကို ဖွဲ့ချင်း၊ အသည်းကို အသည်းချင်း ဆိုသလို ထိုးသတ်ကြရာပွဲကြမ်းလာသည်။ သုဝဏ္ဏမောင်က တွဲလုံးကို တွဲသုံးလာရာ မိုးကြိုးကလည်း ဝိုက်လက်သီးလွှတ်၍ ပညာချင်းပြိုင်ကြရသည်။ ပထမအချီ၌ သုဝဏ္ဏမောင် မဟန်၍ အနားတောင်းရသည်။ ဒုတိယအချီ ဆက်ထိုးရာ မိုးကြိုးက ဘယ်ခြောက်ကာ ညာပြ၍ ချက်ကောင်းကိုထိုးသည်။ သတ္တိချင်းဆိုင် အားချင်းပြိုင်သော်လည်း

ငါးချီ စိန်ခေါ်ပွဲတွင် ဟိန်းညီညီ(မြို့တော်စည်ပင်)၏ ညာခြေကန်ချက်ကို ရွှေဖလား(K.L.N) ညာဒူးဖြင့် ကာထားပြီး ညာတံတောင်ဖြင့် ဖိထုထားစဉ်။
ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒုတိယအချီ ၂မိနစ် ၁၅ စက္ကန့်၌ မိုးကြိုးက ပွဲသိမ်း လက်သီးဖြင့် အလဲထိုး အနိုင်ယူသွားသည်။

မိုးသီးအလဲထိုး

အရပ်ပုသော်လည်း လက်ဝှေ့ ထိုးသက်ရင့်ပြီး ခံနိုင်ရည်ကောင်းသော မိုးသီး (မြန်မာပြည်သား) အချီပြည့် မထိုးဘဲ အနိုင်ရသွားသည်။ ပွဲမစမီ

ရွှေဝါထွန်းအား ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိသွားသော လုံးချော(ညောင်တုန်း)။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆုငွေများ တဖွဲဖွဲချီးမြှင့်၍ လွှတ်ဟော့ ဆိုသည်နှင့် ပွဲကောင်းတော့သည်။ ဒေါန(ရွှေလက်ရာ)က အရပ်မြင့်ပြီး ခြေတံ လက်တံရှည်သော်လည်း ပညာမပါ၍ ဗလာလက်သီး၊ ဗလာဒူးသာ လွှတ်နိုင်သည်။ မိုးသီးက ရင်ကိုဖွင့်ပြီး ပညာသားပါပါ ထိုးသည်။

နှစ်ဦးစလုံး အနင်းအတား အပြင်းစား တိုက်ကွက်ဖြင့် လက်သီးချင်း ပြိုင်ထိုးသည်။ ဘတစ်ပြန်ကျားတစ်ပြန် အမှားမခံသော ပွဲဖြစ်၍ ပရိသတ် လက်ခုပ်သံမြိုင်လှသည်။ ဆိုင်းချက်က သွက်သလောက် လက်ဝှေ့ကျော်တို့၏ ခြေကန်ချက်တို့က လန်ထွက်နေသည်။ ဆုတ်ရင်းခြေခတ်၊ ခြေကန်ရင်း ထိုး၊ တံတောင်ကို ဆတ်ကနဲချိုးကာ လွှတ်သည်။ နင်လဲနင်မို့ စွမ်းသလား၊ ငါလဲ ငါမို့ စွမ်းသလားဆိုသလို စိတ်မကျေပွဲနွှဲသည်။ ပထမအချီအပြီး၌ မိုးသီးသာသည်မှာ ထင်ရှားလာသည်။

ဒုတိယအချီ၌ မိုးသီးက လက်သီးတွဲလုံးများကို မိုးသီးမိုးပေါက်ပမာ ရွာချသည်။ အပြိုင်အဆိုင်ခတ်၊ ဆတ်၊ ဒူး တံတောင် စွယ်စုံတွဲလွှတ်၍ မြိုင်လှသည်။ မိုးသီး၏ လက်သီးချက်က မျက်နှာကို မိမိရရထိ၍ ဒေါန ဒေါသထွက်လာပြီး ခြေကန်ချက်ဖြင့် ဝင်လာသည်။ မိုးသီးမထင်ထား၍ နောက်လန်သွားရာမှ ဟန်မပျက် ဆက်ထိုးသည်။ တတိယအချီ၌ အိတ်သွန်ဖာမှောက် ပညာကုန်သုံး၍ ထိုးသတ်ကြရာ ပရိသတ် မျက်တောင် မခတ်နိုင်အောင်ပင် ဖြစ်သည်။ တတိယအချီ ၂မိနစ် ၁၈ စက္ကန့်၌ ဒေါန အနားတောင်းရပြီး ဆက်မထိုးနိုင်တော့၍ မိုးသီး အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

စောသဲမင်းအနိုင်ရ

K.L.Nကလပ်မှ မိုးကြိုး အဖွင့်ကောင်းသလို စောသဲမင်းကလည်း အလဲထိုး အနိုင်ရခဲ့သည်။ စောသဲမင်း(K.L.N)နှင့် ပုဏ္ဏားဘကွန်း(မြန်မာပြည်သား)တို့ပွဲမှာ လုံးတူဒေါက်တူဖြစ်၍ ကြည့်ကောင်းမည်ထင်သော်လည်း ထင်သလောက် မဟုတ်ခဲ့ချေ။ ဒိုင်လူကြီးက အချက်ပြသည်နှင့် ရုတ်တရက် နှုတ်ဆက်ပြီး ထိုးကြသည်။ ပုဏ္ဏားဘကွန်းက မဆိုသလောက် အရပ်မြင့်သော်လည်း အသာစီးမှ မထိုးနိုင်ဘဲ နောက်ဆုတ်ရှောင်နေသည်။

ဒုတိယအချီ၌ စောသဲမင်းက ပွဲသိမ်းမြန်လိုဇောဖြင့် အတင်းလိုက်ထိုးရာ ပုဏ္ဏားဘကွန်း အမောဖောက်လာသည်။ ပုဏ္ဏားဘကွန်း ပုံကနဲကျ၍ အမှတ်စဉ် ရေတွက်ခြင်းခံရသော်လည်း မာန်တင်းပြီး ပြန်ထလာသည်။ စောသဲမင်းပွဲကို စီးမိနေပြီဖြစ်ရာ နှစ်ချက်လောက်ဆင့်အထိုး၌ ပုဏ္ဏားဘကွန်း အနားတောင်းရပြန်သည်။ အကူလူများက နှာနှပ်၍ ရေကူသော်လည်း ပုဏ္ဏားဘကွန်း ဆက်မထိုးနိုင်တော့၍ ဒုတိယအချီ ၁မိနစ်၅၆စက္ကန့်၌ စောသဲမင်း (K.L.N) အနိုင်ရရှိသွားသည်။

ဟိန်းညီညီအလဲထိုး

ဟိန်းညီညီ (မြို့တော်စည်ပင်)နှင့် ရွှေဖလား(K.L.N)တို့ပွဲတွင် ရွှေဖလား သာသယောင်ရှိရာမှ သက်လုံနှင့် ခံနိုင်ရည် စကားပြောကာ ရှုံးသွားခြင်းဖြစ်သည်။ ဟိန်းညီညီ အရပ်ပိုမြင့်၍ အထက်စီးမှ ထိုးလိမ့်မည်ထင်သော်လည်း ပွဲအစပိုင်း၌ ရွှေဖလားက ဖလားဖြစ်နေသည်။ နှစ်ဦးစလုံး ပညာစုံသုံး၍ တားဟယ်၊ ဝင်ဟယ်၊ ထွက်ဟယ်ဖြင့် ဆိုင်ခတ်ပြိုင်ခတ်ရာ ရိုးရာလက်ဝှေ့ပညာကို မျက်ဝါးထင်ထင် မြင်ကြရသည်။ ဟိန်းညီညီ ဒူးတိုက်ချက်ကောင်းသော်လည်း လေ့ကျင့်သားပြည့်ဝသည့် ရွှေဖလားက လာသူငယ်ချင်း နောက်တစ်မျိုး ရှိသေးလားဆိုသကဲ့သို့ ဝါးရုံတော ကျွဲဝင်တိုးသလို ထိုးသည်။

ရွှေဖလားထိုးချက်က လန်ထွက်နေရာ လယ်ပြင်၌ဆင်သွားသလို ရှင်းကနဲ၊ လင်းကနဲရှိလှသည်။ ဒုတိယအချီ၌ ဟိန်းညီညီ အားကစားပစ္စည်း ပြုပြင်ရသဖြင့် ပွဲခဏရပ်ရသည်။ အားကစားပစ္စည်းပြုပြင်ပြီးနောက် ဟိန်းညီညီ အမောဖြေပြီး အပေါ်စီးမှပြန်ထိုးရာ ရွှေဖလားကြမ်းပြင်ပေါ် နှစ်ကြိမ်ပြုတ်ကျသည်။ တတိယအချီ၌ ရွှေဖလား အနားတောင်းရသည်အထိ အခြေယိုင်လာသည်။ တတိယအချီ ၂မိနစ် ၄၁ စက္ကန့်၌ ရွှေဖလားကို အကူလူများကူသော်လည်း ဆက်မထိုးနိုင်၍ ဟိန်းညီညီ (မြို့တော်စည်ပင်)အလဲထိုး အနိုင်ရရှိသွားသည်။

လေးချီစိန်ခေါ်ပွဲတွင် ပအို့လေး(အလင်းရောင်)နှင့် သားလိမ္မာ(ရွှေလက်ရာ)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ဤသို့ထိုးသတ်ခဲ့ကြသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မောရှေအနိုင်ရ

ယခင်က K.L.Nကလပ်အမည်ခံခဲ့သော ကျော်ဆန်း(မြောင်းမြ)သည် ယခုပွဲ၌လည်း မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။ မောရှေ(အလင်းရောင်)က တတိယအချီရောက်သည်အထိ သက်လုံမကျဘဲ အသာစီးမှထိုးသတ်နိုင်ခဲ့သည်။ လုံးတူဒေါက်တူဖြစ်၍ ပထမအချီ၌ အရှုံးအနိုင် ခန့်မှန်းရခက်လှသည်။ မောရှေက အတိုက်သမား၊ အလိုက်သမားဖြစ်ပြီး ကျော်ဆန်းက အချုပ်အလဲ့နှင့် ခေါင်းတိုက်ရန်ကြိုးစားသည်။ အကဲမစမ်းနဲ့ ပွဲကြမ်းသွားမယ်ဆိုသော မျက်နှာပေးဖြင့် မောရှေက လိုက်ထိုးရာ ကျော်ဆန်း မျက်ခုံးကွဲပြီး သွေးစီးကျလာသည်။

ချက်ကောင်းစောင့်

ဒုတိယအချီ၌ မောရှေကပင် လိုက်ထိုးနေသည်။ ရွှေသမင်အလိုက်လွဲ ပြိုင်ပွဲနှင့်မတူ မဖြစ်ရလေအောင် နှစ်ဦးစလုံး ပြိုင်ထိုး ဆိုင်ထိုးသည်။ သူတစ်ချက်ထိုး၊ ကိုယ်တစ်ချက်ထိုး အဝင်မှားလျှင် နားထင်ပြားမည့်အခြေအနေဖြစ်၍ ချက်ကောင်းစောင့်ကြသည်။ မောရှေ လက်သီးပြင်း၍ ဒုတိယအချီ ၂မိနစ် ၁၈စက္ကန့်၌ ကျော်ဆန်း အနားတောင်းရသည်။ အနားယူပြီး ဆက်ထိုး၍မှ မကြာမီ ဒုတိယအချီ ၂မိနစ် ၅၄စက္ကန့်၌ မောရှေ(အလင်းရောင်)က အလဲထိုး အနိုင်ရရှိသွားသည်။

ဝင်းထွန်းပညာကုန်သုံး

သူ့ဝိတ်တန်း၌ ပြိုင်ဘက်မရှိမင်းမူနေသော ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း) ပညာကုန်ထုတ်သုံးပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မူလက နိုင်းဝမ်းလေး (မြို့တော်စည်ပင်)နှင့် စောဖွဲလေး(ထားဝယ်)တို့ ထိုးသတ်ရန်ဖြစ်သော်လည်း နိုင်းဝမ်းလေး ထိခိုက်ဒဏ်ရာရရှိသွား၍ ဝင်းထွန်း အစားဝင်ရခြင်းဖြစ်သည်။ ယခင်က K.L.N ကလပ်အမည်ခံခဲ့သော စောဖွဲလေး(ထားဝယ်) ယခုပွဲ၌ ရေကုန်ရေခန်း ထိုးသတ်သော်လည်း ပညာအရာ၌ မယှဉ်သာ၍ အနာခံရသည်ဘဲ အဖတ်တင်ခဲ့သည်။

ခြေကန်ချက်

ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နှင့် စောဖွဲလေး(ထားဝယ်)တို့ပွဲမှာ ယခုပြိုင်ပွဲ၌ အကောင်းဆုံးပွဲပင် ဖြစ်သည်။ မထိုးမီကပင် ဆုငွေများ တဖွဲဖွဲချီးမြှင့်ခဲ့ကြရာ ပွဲကောင်းကြည့်ကြရသည်။ ပထမအချီစသည်နှင့် ဝင်းထွန်းက ကိုယ်ပိုင်ဟန်ဖြင့် ဖမ်းချုပ်ဒူးတိုက်ရာ စောဖွဲလေး လန်သွားသည်။ ဝင်းထွန်း၏ လျှပ်တပြက် ခြေကန်ချက်ကြောင့် စောဖွဲလေး အမှတ်စဉ်ရေတွက်ခြင်းခံရသည်။ စောဖွဲလေး မယှဉ်သာမှန်း ရိပ်စားမိသော်လည်း တတိယအချီအထိ တောင့်ခံပြီး ထိုးသွားသည်။

ဝင်းထွန်းပညာနှင့် သမ္ဘာသာလွန်း၍သာ အနိုင်ရခြင်းဖြစ်သည်။

ထင်တိုင်းမပေါက်

ပရိသတ် အထူးမျှော်လင့်စောင့်စားနေသော လုံးချော(ညောင်တုန်း)နှင့် ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်ခြံ)တို့ပွဲမှာ ထင်သလောက် ပွဲမကောင်းဘဲ ဒုတိယအချီ၌ပင် ပွဲသိမ်းသွားသည်။ လေ့ကျင့်သားပြည့်ဝနေသော လုံးချော၏ လျင်မြန်သော သတ်လုံး သတ်ကွက်နှင့် သမ္ဘာရင့် ဝါရင့် ရွှေဝါထွန်း၏ အမှားစောင့်ထိုးမှုမှာ ပရိသတ် ဟာကနဲ ဟင်ကနဲဖြစ်ရသော်လည်း မမျှော်လင့်သည့် အဖြေမထွက်ခဲ့ချေ။

လုံးချောက ခြေကန်ချက်ဖြင့် စဖွင့်ရာ ရွှေဝါထွန်း တစ်ချက်ယိုင်ဆင်းသွားသော်လည်း ဟန်မပျက် ဆက်ထိုးသည်။ ရွှေဝါထွန်းက ချက်ကောင်းစောင့်ပြီးမှ လက်သီးတွဲလုံးလွှတ်သည်။ လုံးချောက သူ၏ ကိုယ်ပိုင်ဟန်ဖြစ်သည့် ဖမ်းချုပ် ဒူးတိုက်ကွက်သုံးသော်လည်း ရွှေဝါထွန်းက ပါးနပ်စွာရှောင်တိမ်း၍ ထင်တိုင်း ဖြစ်မလာဘဲ ပထမအချီ ပြီးဆုံးသွားခဲ့သည်။

အလဲထိုး

ဒုတိယအချီ၌ ရွှေဝါထွန်းက သမ္ဘာရင့်ဆိုသည့် အရှိန်ဖြင့် ခြောက်လက်သီး၊ ထောက်လက်သီး သုံးသော်လည်း လုံးချော၏ လျင်မြန်အားပါသော လက်သီးကြောင့် မျက်ခုံးကွဲပြီး သွေးစီးကျလာသည်။ လုံးချောက ရွှေဝါထွန်း မဟန်မှန်းသိ၍ ခြေကို ဖြတ်ရိုက်ပြီး ပတ်တံတောင်သုံးသည်။ ရွှေဝါထွန်းက လူကနေသော်လည်း ပညာက မနေဆိုသလို ကိုင်ပေါက်သည်။ လုံးချောပြန်ထပြီး ပွဲသိမ်းရန် အတင်းလိုက်ထိုးရာ ရွှေဝါထွန်း ၂မိနစ် အနားတောင်းရသည်။ အနားယူပြီး ပြန်ထိုး၍မကြာမီ လုံးချောက ခြေကန်ချက်နှင့် လက်သီးတွဲလွှတ်ရာ ဒုတိယအချီ ၁မိနစ် ၅၅စက္ကန့်၌ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

သရဖူကာကွယ်

၂၀၀၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲ၌ အမှတ်ဖြင့် အနိုင်ရခဲ့သော လုံးချောသည် ယခုပွဲ၌ ရွှေဝါထွန်းကို အလဲထိုး အနိုင်ယူပြီး ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့ပြီဖြစ်ကြောင်း တင်ဆက်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)တွင် ကျင်းပသည့် မျှော်စင်ကျွန်းမှစိန်ခေါ်သံ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဤသို့ ပရိသတ် တစ်ခဲနက်ကြည့်ရှု အားပေးခဲ့ကြသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

❐ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ရတနာမွန်ခန်းမ၌ ကျင်းပသော ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက **"မြန်မာ့ကျောင်း"**သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှထူးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာအထက်တန်းအဆင့် ဘက်စုံပညာထူးချွန်ဆုရရှိကြသူများအား ဆုများ ချီးမြှင့်သည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့က ဘက်စုံပညာထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက **"စုံညီဆင်နွှဲ ဆုနှင်းပွဲ"**သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

တပ်ကုန်းအထက(၁)

အလားတူ တပ်ကုန်းမြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲက တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက **"မြန်မာ့ကျောင်း"** သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ ဖြေဆိုအောင်မြင်ကြသူများအား ဆုများချီးမြှင့်ကြသည်။

တင်ဆက်ဖျော်ဖြေ

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၇

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာ ဆရာမကြီးများအား ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၈ရက် နံနက် ၁၁ နာရီတွင် အိမ်မဲကြီး အထက(ခွဲ) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကြရန် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။

အလှူငွေ ထည့်ဝင်လိုသူများသည် ဗညားဦး(အိမ်မဲ) ဖုန်း-၆၆၆၈၂၅၊ ဦးအောင်သန်းဦး ဖုန်း-၅၃၄၀၂၀၊ ဦးမောင်မောင်တူး ဖုန်း-၆၈၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလတ်မြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် တိုက်မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး

နေပြည်တော် ဇန်နဝါရီ ၇

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအားသေကျေ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုလုပ်ဆောင်လျက်ရှိရာ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလတ်မြို့နယ် ဝမ်ယန်းကျေးရွာမှ အိုက်တဲ(၄၅)နှစ်၊ ပေါက်ရှဲမူ(၄၂)နှစ်နှင့် နမ့်ဝမ်းကျေးရွာမှ အိုက်ကြူ(၃၅)နှစ်တို့သုံးဦးသည် ဝမ်ယန်းကျေးရွာမှပါလောင်းကျေးရွာသို့ ထွက်ခွာလာရာ နမ့်ကစ်ချောင်းနှင့်နမ့်အင်းချောင်းအကြားရောက်ရှိစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲရာအိုက်ကြူနှင့် ပေါက်ရှဲမူတို့နှစ်ဦးမှာ မိုင်းထိဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

ယင်းဖြစ်စဉ်ကို သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းက အဆိုပါနေရာသို့သွားရောက်၍ မိုင်းထိလူနာ အား လိုအပ်သည်များကူညီဆောင်ရွက်ပေးပြီး သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများ၊ ဒေသခံပြည်သူ များနှင့်ပူးပေါင်းကာ သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူသုံးနည်းသော သစ်မျိုးများကို ပိုမိုတွင်ကျယ်စွာ အသုံးပြု

လူသုံးနည်း သစ်မျိုးများ(Lesser Used Timber Species-LUS) ဆိုသည်မှာ လူအများ အသုံးပြုမှုနည်းသော သစ်မျိုးများကို ဆိုလိုသည်။ အသုံးနည်းသဖြင့် သိသူနည်းပြီး လူသုံးနည်းနေရခြင်းဖြစ်သည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် လူသိနည်းသော သစ်မျိုးများ(Lesser Known Timber Species-LKS) ဟုလည်း ခေါ်ဆိုကြသည်။

မြန်မာနိုင်ငံတွင် သစ်ခွဲသားထွက်နိုင်သည့် သစ်ပင်ကြီးမျိုးပေါင်း ၅၀၀ခန့် ရှိသည့်အနက် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ အင်၊ ကညင် စသည့် သစ်မျိုးများကိုသာ လူအများ အသုံးပြုလျက် ရှိကြသည်။ ကျန်သစ်မျိုးများ (LUS) ကို အသုံးပြုမှုနည်းရခြင်းမှာ ပေါက်ရောက်မှုနည်းခြင်းနှင့် ကြာရှည်မခံခြင်းတို့ကြောင့် ဖြစ်သည်။

လူသုံးနည်း သစ်မျိုးအများစုသည် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့် သစ်မျိုးကောင်းများနှင့်ယှဉ်လျှင် ပေါက်ရောက်မှု အလွန်နည်းသည်။ သဘာဝတရားက စာရေးသူတို့နိုင်ငံကို အကောင်းမျိုးစုံ ပေးထားရုံသာမက ပေါများစွာလည်း ပေးထားသည်။ ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ၊ မြ စသည့်တွင်းထွက်ရတနာများ ပေါများသကဲ့သို့ ကမ္ဘာ့ထိပ်တန်းစာရင်းဝင် တန်ဖိုးကြီးမြင့်သော ကျွန်းသစ်ကိုလည်း ပေါများစွာ ပေးထားသည်။ သစ်တောသယံဇာတ စာရင်းကောက်ယူမှုများအရ ကျွန်းပင် ၁၀၀လျှင် ပျဉ်းကတိုး ၉၁၊ သစ်ရာ ၅၆ ဒသမ ၄၊ အင်ကြင်း ၇၉ ဒသမ ၂၊ အင် ၁၄၁ ဒသမ ၂၊ ကညင် ၄၅ ဒသမ ၇ ပေါက်ရောက်လျက် ရှိသော်လည်း လူသုံးနည်း သစ်မျိုးများမှာမူ သဒီ ၇၉ ဒသမ ၂၊ သပြေ ၃၉ ဒသမ ၁၊ နဘဲ ၂၁ ဒသမ ၁၊ ချဉ်ယုတ် ၁၈ ဒသမ ၅၊ ဖန်းခါး ၁၇ ဒသမ ၇၊ ရုံး ၁၆ ဒသမ ၁၊ ပျဉ်းမ ၁၄ ဒသမ ၅၊ ဓောင်းပလေး ၁၃ ဒသမ ၂၊ ရင်းတိုက် ၁၀ ဒသမ ၅၊ နှော ၈ ဒသမ ၂၊ မျောက်ချော ၇ ဒသမ ၄၊ မျောက်ငို (သစ်ကဇော်) ၆ ဒသမ ၄၊ ယမနေ ၆ ဒသမ ၀၊ လယ်စ ၅ ဒသမ ၅၊ သစ်မန်ကျည်း ၄ ဒသမ ၇၊ စစ် ၁ ဒသမ ၁ ခန့်သာ ပေါက်ရောက်ကြောင်း မှတ်သားရသည်။

ထို့ကြောင့် မြန်မာ့သစ်လုပ်ငန်းအပါအဝင် တရားဝင်သစ်ထုတ်လုပ်ခွင့်ရသူများသည် ရောင်းတန်းဝင်ပြီး ပေါများစွာ ပေါက်ရောက်လျက်ရှိသည့် သစ်မျိုးများကိုသာ ထုတ်လုပ်လိုကြသည်။ ထိုနည်းတူပင် တရားမဝင် သစ်ထုတ်သူများသည်လည်း ဈေးကောင်းရပြီး ပေါများစွာပေါက်ရောက်နေသော ကျွန်း၊ ပျဉ်းကတိုး စသည့် သစ်မျိုးများကိုသာ လွယ်လင့်တကူ ထုတ်ယူကြမည်ဖြစ်သည်။

လူသုံးနည်းသော သစ်မျိုးများနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာနတွင် ၁၉၈၀ပြည့်နှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ လူသုံးနည်း သစ်မျိုးများကို ပြည်သူလူထု လက်ခံသုံးစွဲလာစေရန်နှင့် သစ်လုပ်ငန်းရှင်များက လူသုံးနည်း သစ်မျိုးများဖြင့် ပရိဘောဂနှင့် အခြားသစ်အချောထည်ပစ္စည်းများကို ထုတ်လုပ်ကြစေလိုသည့် ရည်ရွယ်ချက်ဖြင့် လူသုံးနည်း သစ်မျိုးများဖြင့် ပြုလုပ်သည့် ပရိဘောဂအမျိုးမျိုးနှင့် အခြားသစ်အချောထည်ပစ္စည်းများကို ၁၉၈၅ ခုနှစ်နှင့် ၁၉၈၇ခုနှစ်များက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ကျင်းပခဲ့သော ပြည်ထောင်စုနေ့ပြပွဲများ၌ လည်းကောင်း၊ ၁၉၉၀ပြည့်နှစ်က မော်ဘီရှိ ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် လေ့ကျင့်ပညာပေးရေးဌာန၌ ကျင်းပခဲ့သော သစ်တောသိပ္ပံ ပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲတွင် လည်းကောင်း၊ ၁၉၉၁ ခုနှစ်က မူဆယ်မြို့တွင် ကျင်းပခဲ့သည့် တရုတ်-မြန်မာ ကုန်စည်ပြပွဲ၌လည်းကောင်း၊ ၁၉၉၅ ခုနှစ်က ရန်ကုန်မြို့ IBC တွင်လည်းကောင်း အသီးသီးပြသခဲ့သည်။

ပါမောက္ခချုပ် ဦးဝင်းကြည်-၁

၁၉၉၇ခုနှစ်မှ ၂၀၀၀ပြည့်နှစ် အတွင်းက- **“မြန်မာ့လူသုံးနည်း သစ်မျိုးများ ကမ္ဘာ့ဈေးကွက်၌ တွင်ကျယ်လာစေရေး”** စီမံကိန်းကို ရေဆင်းရှိ သစ်တောသုတေသနဌာနတွင် ဆောင်ရွက်ခဲ့သည်။ အထောက်အပံ့ပေးသည့်အဖွဲ့အစည်းမှာ **“အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့် ပတ်သက်သည့် အဖွဲ့အစည်း”** (International Tropical Timber Organization-ITTO)ဖြစ်သည်။ စီမံကိန်းကာလအတွင်း လူသုံးနည်း သစ်မျိုးပေါင်း ၅၄မျိုး၏ အင်္ဂါရပ်ဖွဲ့စည်းပုံ၊ ရူပနှင့်အင်အားဆိုင်ရာ ဂုဏ်သတ္တိများ၊ သစ်အခြောက်ခံမှု အခြေအနေများ၊ ကြာရှည်ခံနိုင်မှုနှင့် ကြာရှည်ခံဆေးသွင်းမှု အခြေအနေများကို သုတေသနပြုခဲ့သည်။ ထို့ပြင် လူသုံးနည်း သစ်မျိုးများ ပိုမိုကျယ်ပြန့်စွာ အသုံးပြုရေးနှင့် အလားအလာ ကောင်းသော သစ်မျိုးများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲများ ကျင်းပခဲ့ပြီး သစ်လုပ်ငန်းရှင်များကိုပါ ယင်းပွဲများတွင် ပါဝင်စေရန် ကြိုးပမ်းခဲ့သည်။

ဤသို့ အစဉ်အဆက် သုတေသနပြုမှုများ၊ ကြိုးပမ်းမှုများ၏ အောင်မြင်မှုရလဒ်ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ၂၀၀၆ခုနှစ် အောက်တိုဘာလက သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြသခဲ့သည့် “Myanmar Furniture Fair ' 2006”တွင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။ ပရိဘောဂအမျိုးမျိုးနှင့် အခြားသစ်အချောထည် ပစ္စည်းများကို ကျွန်းနှင့်သာမက လူသုံးနည်းသစ်မျိုးများဖြင့် ပြုလုပ်ပြသထားသည်မှာ အားရချီးကျူးဖွယ်ဖြစ်သည်။ မဏိသြဂ၊ သစ်စေး၊ သဒီ၊ စကားဝါ၊ နှော၊ ငွေး၊ ဒီးဒူး သစ်မျိုးများဖြင့် ပြုလုပ်ထားသည့် တံခါးရွက်၊ ပြတင်းရွက်များ၊ ရော်ဘာသစ်ဖြင့် ပြုလုပ်ထားသည့် ပရိဘောဂများကို တွေ့မြင်ခဲ့ပါသည်။

ထို့ပြင် ပြသထားသည့် သစ်အချောထည်ပစ္စည်းများ၏ အရည်အသွေး၊ ဆန်းသစ်လှပမှုနှင့် လက်ရာများသည် စာရေးသူ လေ့လာခဲ့ဖူးသည့် မလေးရှား၊ ကိုရီးယား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများရှိ သစ်အချောထည် စက်ရုံများတွင် တွေ့ရှိခဲ့သည့် သစ်အချောထည်ပစ္စည်းများကို မီသည့်အပြင် ခင်းကျင်းပြသထားပုံမှာလည်း ခေတ်မီသည်ကို တွေ့မြင်ခဲ့ရသဖြင့် နိုင်ငံတော်အတွက် အလွန်အားတက်မိပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူသုံးနည်းသစ်မျိုးများ၏ အားနည်းချက်တစ်ချက်သည် ပေါက်ရောက်မှုနည်းသဖြင့် သစ်ကုန်ကြမ်း လုံလောက်စွာ မရရှိနိုင်ခြင်းဖြစ်သည်။ သုတေသနတွေ့ရှိချက်များအရ သစ်မျိုးတိုင်းကို ၎င်းတို့၏ ဂုဏ်သတ္တိများအလိုက် သူ့နေရာနှင့်သူ အသုံးပြုနိုင်သဖြင့် ရောင်းတန်းဝင်အရွယ်ရှိသည့် သစ်ပင်များ (Merchantable Size) ကို သစ်မျိုးမရွေးဘဲ အကုန်ထုတ်နိုင်မည် ဆိုပါက သစ်ကုန်ကြမ်း ပိုမိုရရှိလာသည်သာမက ထုတ်လုပ်စရိတ်လည်း သိသာစွာ လျော့နည်းသွားမည်။

ဤသို့ထုတ်ယူရာတွင် လူသုံးနည်းသစ်မျိုးများ (အကုန်နီးပါး)သည် ကြာရှည်အထားမခံသောကြောင့် ခုတ်လှဲပိုင်းဖြတ်ပြီး သစ်လုံးများကို တောတွင်းမှ အမြန်ဆုံးသယ်ယူနိုင်ရေး၊ သစ်လုံးအတိုင်း အမြန်ဆုံး ရောင်းချနိုင်ရေးတို့အတွက် နည်းလမ်းရှာဖွေရမည်ဖြစ်သည်။ ထို့အပြင် တန်ဖိုးကြီးသော လူသုံးနည်းသစ်မျိုးများကို (လိုအပ်ပါက) ခုတ်လှဲပိုင်းဖြတ်ပြီးလျှင် ပြီးချင်း မှိုသတ်ဆေး၊ ပိုးသတ်ဆေးများ ပက်ဖျန်းပေးနိုင်ရန်လည်း စီစဉ်ထားရှိရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် လူသုံးနည်းသော သစ်မျိုးများကို ယခုထက်ပိုမို ကျယ်ပြန့်စွာ အသုံးချနိုင်ရေးနှင့် အလားအလာကောင်းသော သစ်မျိုးများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ပရိဘောဂအမျိုးမျိုး (အထူးသဖြင့် ကျောင်းသုံး၊ ရုံးသုံး) ပြုလုပ်ရာတွင် ကျွန်းအစား လူသုံးနည်း သစ်မျိုးများဖြင့် ပြုလုပ်ရေး၊ သစ်ကြာရှည်ခံ နည်းပညာပြန့်ပွားရေး၊ သစ်အခြောက်ခံမှု နည်းပညာ ယခုထက် ပိုမိုပြန့်ပွားရေးနှင့် သစ်ကုန်ကြမ်းလုံလောက်စွာနှင့် စဉ်ဆက်မပြတ် ပုံမှန်ရရှိရေးတို့သည် အဓိကအရေးပါသည့် ကဏ္ဍများဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါအချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းနှင့် သုတေသီများ၊ ပညာရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ယခုထက်ပိုမို၍ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ဖွင့်လှစ်ပေး

သဃ်န်းကျွန်းမြို့နယ် ဆ/၁ ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်း သမိုင်းဝင် ကျိုက်ဒေးယျံ(ရန်ကုန်) အာနန္ဒာ စေတီတော်မြတ်ကြီး၏ (၃၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်က ဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(က-ပ)

လက်ခံယူ

ရန်ကင်းမြို့နယ် ဘောက်ထော် အနီဃာလမ်း အမှတ်(၄၆/က)နေ ဆရာလေး မမွေ့စာရီနှင့် မောင်နှမတစ်စုက ဦးဝါစိန်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လှူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ (ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။

(က-ပ)

မြောက်ဥက္ကလာပမြို့နယ်တိုင်းရင်းဆေးဆရာအသင်း ဆိုင်းဘုတ်တင်ပွဲနှင့်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက်နံနက်က မြို့နယ်တိုင်းရင်းဆေးခန်းရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီးဦးကျော်မြင့်(စ.စဆေးတိုက်)၊ မြို့နယ်ဆေးခန်းမှူး ဆရာမ ဒေါ်နိုင်နိုင်လွင်နှင့် ဆရာကြီး ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ဥက္ကဋ္ဌဦးကျော်မြင့် (စ. စဆေးတိုက်)က အဖွင့်အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်ဆရာကြီး ပုပ္ပားဆရာကျော်က အသင်း စည်းမျဉ်းစည်းကမ်းများနှင့် အသင်းသားသစ်များ ရရှိရေးကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဆရာမြင့် (စကြာဆေးတိုက်)က ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မေးမြန်းအကြံပြု

ထို့နောက် အသင်းဝင် ဆရာကြီး ဆရာမကြီးများက သိလိုသည်များ၊ မေးမြန်းအကြံပြုချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာတစ်လွှား အားကစား

ကင်မရွန်းတိုက်စစ်မှူးအီတိုး ဒူးဒဏ်ရာကြောင့် ပြန်မကစားနိုင်သေး



ဘာစီလိုနာအသင်းအတွက် အားထားရသော တိုက်စစ်မှူး အီတိုး။ (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

မက်ဒရစ် ဇန်နဝါရီ ၇

ကင်မရွန်းတိုက်စစ်မှူး အီတိုးသည် စက်တင်ဘာလကတည်းက ဒူးခေါင်း ဒဏ်ရာရထား၍ မကစားနိုင်ဘဲရှိရာ လာမည့်သီတင်းပတ်ကုန်အထိ ဘာစီလိုနာ အသင်းသို့ ပြန်လာရန် ၎င်းက မေတ္တာရပ်ခံလိုက်သည်။

မိမိအနေဖြင့် အသင်းသို့ ပြန်လာရန်ဆန္ဒရှိနေသော်လည်း ဇန်နဝါရီ ၁၄ ရက်တွင် ကစားမည့်ပွဲစဉ်၌သာ ပြန်ကစားနိုင်တော့မည် ဖြစ်ကြောင်း အီတိုးက ပြောကြားသည်။ ထို့အပြင် မိမိသည် ကင်မရွန်း လက်ရွေးစင် အသင်း၌လည်း မိမိတာဝန်ကို ထမ်းဆောင်လိုသော်လည်း မတ်လအထိ တိုင်အောင် မဖြစ်နိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

ဆွတ်ခူးခဲ့

ကင်မရွန်းအသင်းသည် လာမည့် အာဖရိကဖလား ခြေစစ်ပွဲအတွက် လိုက်ဘေးရီးယားအသင်းနှင့် မတ်လတွင် ကစားရန် စီစဉ်ထားသည်။ အီတိုးသည် စက်တင်ဘာလ နှောင်းပိုင်းက ဘာစီလိုနာနှင့် ဝါဒါဘရီမင်တို့ ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့စဉ် ညာဘက်ဒူးခေါင်း ဒဏ်ရာရခဲ့သည်။ ၎င်းသည် အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုကို သုံးကြိမ်တိုင် ဆွတ်ခူးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဘယ်လ်ဂျီယံသူ ကလစ္စတား ရှာရာပိုဗာကိုနိုင် ဟောင်ကောင်၌ ချန်ပီယံဖလားဆွတ်ခူး

ရှာရာပိုဗာကိုနိုင်ပြီး ဖလားဆွတ်ခူးသွားသော ဘယ်လ်ဂျီယံသူ ကလစ္စတားအား ဆုဖလားနှင့်အတူ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

ဟောင်ကောင် ဇန်နဝါရီ ၇

ဘယ်လ်ဂျီယံမှ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း ကင်ကလစ္စတားသည်ဟောင်ကောင်၌ကျင်းပသော ချန်ပီယံချဲလင်းဖလား လုပွဲတွင် ကမ္ဘာ့နံပါတ်နှစ် တင်းနစ်မယ် ရုရှားနိုင်ငံသူ ရှာရာပိုဗာအား အနိုင်ရပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ရှာရာပိုဗာသည် အဆိုပါဖလား လုပွဲတွင် အကောင်းဆုံးရိုက်ချက်များဖြင့် လက်စွမ်းပြ ကစားနိုင်ခဲ့သည်။

သို့ရာတွင် ၎င်းထက်ပို၍ သန်မြန်သော ကလစ္စတားက လက်စွမ်းပြကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကလစ္စတားသည် ရှာရာပိုဗာအား ၆–၃၊ ၇–၆ (၁၀–၈) ဖြင့် အနိုင်ရလိုက်ခြင်း ဖြစ်သည်။

ဘယ်လ်ဂျီယံသူ ကလစ္စတားသည် အသက်၂၃နှစ်မျှသာရှိသေးသည်။ သူမသည် မကြာမီကစားမည့် ဩစတြေးလျ အိုးပင်းပြိုင်ပွဲအကြို ပူပူနွေးနွေးဖလားတစ်လုံး ယခုနှစ်ဦးတွင် ဆွတ်ခူးလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဆင်နယ် လူငယ်တိုက်စစ်မှူး ဆဲလ်တစ်က ခေါ်ယူရန် ဆွေးနွေး



ဆဲလ်တစ်အသင်းနှင့် စာချုပ်ရန် ဆွေးနွေးနေသည့် အာဆင်နယ် လူငယ်တိုက်စစ်မှူး စတုတ်။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၇

အာဆင်နယ် တိုက်စစ်မှူး အန်ထော်နီစတုတ်အား ဆဲလ်တစ်အသင်းက ခေါ်ယူစာချုပ်ရန် ဂလက်စ်ဂေါ၌ ဆွေးနွေးလျက်ရှိကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။ ဆဲလ်တစ်အသင်းက အသက် (၁၈)နှစ်ရှိ အဆိုပါ အာဆင်နယ်တိုက်စစ်မှူးအား ပေါင် ၁သန်းနှင့် ခေါ်ယူ လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအားချာလ်တန်နှင့် ဆန်းဒါးလန်း အသင်းတို့ကလည်း ခေါ်ယူရန် သဘောတူညီထားကြောင်း အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

စတုတ်အား ဖောကစ်အသင်းသို့ အာဆင်နယ် အသင်းက အငှားချထားခဲ့ရာ ဘောလုံးရာသီနှစ်ဝက်အတွင်း မှာပင် ၎င်းအသင်းအတွက် ၁၆ဂိုး သွင်းပေးနိုင်ခဲ့သူ ဖြစ်သည်။ ယခုအခါ အဆိုပါ လူငယ်တိုက်စစ်မှူးသည် ၎င်းအသင်းနှင့် အငှားစာချုပ် ကုန်ဆုံးပြီဖြစ်၍ အာဆင်နယ်အသင်းသို့ ပြန်ရောက်လာသည်။ အာစင်ဝင်းဂါးအနေဖြင့် အဆိုပါ လူငယ်တိုက်စစ်မှူးအား ဘာတစ္စတာ၊ ဗန်ပါစီ၊ အဒီဘာယောနှင့် ဝါရင့်တိုက်စစ်မှူး အွန်နရီတို့ရှိနေခြင်း ကြောင့် အခြားအသင်းသို့ ရောင်းချရန် ကြိုးစားနေခြင်း ဖြစ်နိုင်သည်။ **(အင်တာနက်)**

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ ယှဉ်ပြိုင် အာဆင်နယ်၊ ချယ်လ်ဆီးနှင့် မန်ယူ နိုင်ပွဲများရရှိ

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၇

အက်ဖ်အေဖလား တတိယအဆင့် ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ နိုင်ပွဲများရရှိခဲ့ပြီး ဘာမင်ဂမ်နှင့် နယူးကာဆယ်တို့ သရေကျခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးသွင်းပေးပြီး လာဆင်(ယာအစွန်) **နှင့် မန်ယူကစားသမားများ ဤသို့အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

လီဗာပူးနှင့် အာဆင်နယ်

အက်ဖ်အေဖလားကို ငါးကြိမ်ရခဲ့သည့် လီဗာပူးတို့ အာဆင်နယ်ကို အနိုင်မကစားနိုင်ခဲ့ချေ။ ဘင်နီတက်ဇ်သည် တိုက်စစ်တွင် ခရော့ချ်နှင့်ကွတ်တို့ကို ထားပြီး အလယ်တန်းတွင် အလွန်ဆို၊ ဂျရတ်၊ ဂါစီယာ၊ ပင်နက်နှင့် ရစ်ဆီတို့ကို ထားကာ ၃–၅–၂ ပုံစံဖြင့် ခင်းကျင်း ကစားခဲ့သည်။ အာဆင်နယ်က ၄–၄–၂ ဗျူဟာဖြင့် တိုက်စစ်တွင် ဗန်ပါစီနှင့် အွန်နရီတို့ကို ထားကာ ဖလာမီနီ၊ ဆဲလ်ဗား၊ ရိုဆစ်စကီးနှင့် အလက်ဇန္ဒား လက်ဘ်တို့ကို ဝိုင်းရံကာ တိုက်စစ်ကို ပံ့ပိုးစေခဲ့သည်။

လီဗာပူးသည် အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် အာဆင်နယ်ဘက်သို့ အကြိမ်များများ ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမသေချာမှုနှင့် အာဆင်နယ်ဂိုးသမား အယ်မူနီရာ လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပထမပိုင်းပွဲချိန် ၃၇ မိနစ်တွင် ကွင်းလယ်ကစားသမား ရိုဆစ်စကီးက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ရိုဆစ်စကီးကပင် ထပ်မံသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအတွက် ချေပဂိုးကို ပွဲချိန် ၇၁မိနစ်၌ လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အတွက် တတိယဂိုးကို အွန်နရီက ပွဲချိန် ၈၄မိနစ်၌ သွင်းယူ ပေးခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် မက္ကလက်ဖီးလ်

ဒုတိယတန်းမှာပင် ခြေစွမ်းမပြနိုင်သဖြင့် တန်းစီဇယား အောက်ဆုံး၌ ရပ်တည်နေရသော မက္ကလက်ဖီးလ်တို့ ချယ်လ်ဆီးကို မည်သို့မျှမယှဉ်နိုင်ခဲ့ချေ။

ရှက်ဗ်ချင်ကိုနှင့်ကာလူးတို့တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့သည့် မော်ရင်ဟိုသည် ကွင်းလယ်တွင် ဂျယ်ရီမီ၊ လမ်းပတ်၊ ဂျွန်မီကယ်နှင့် ရိုက်ဖီးလစ်တို့ကို ထုတ်သုံးခဲ့ရာ ဂိုးဒါဇင်ဝက်တိတိ သွင်းယူနိုင်ခဲ့သည်။ မော်ရင်ဟို၏ ၄–၄–၂ပုံစံ အခင်းအကျင်းသည် ယခုပွဲ၌ အံဝင်ခွင်ကျဖြစ်လျက်ရှိရာ ပွဲချိန် ၁၆ မိနစ်မှာပင် ဖရန့်လမ်းပတ်က အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ထို့နောက် ပွဲချိန် ၄၁မိနစ်နှင့်၅၁ မိနစ်တို့တွင် လမ်းပတ်ကပင် နှစ်ဂိုးဆက်တိုက် သွင်းယူပေးနိုင်ခဲ့သဖြင့် ယခုပွဲ၌ လမ်းပတ် ဟက်ထရစ်ရရှိခဲ့သည်။ လမ်းပတ်၏ တတိယဂိုးမှာ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့်ကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

မက္ကလက်ဖီးလ်သည် ချယ်လ်ဆီး တိုက်စစ်ကိုသာ ဟန့်တားနေရပြီး ပွဲချိန် မိနစ် ၄၀ ၌ ဂျွန်မူရာဖီက ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ချယ်လ်ဆီးတို့ ဆက်တိုက်ဖိကစားခဲ့ရာမှ ၆၈ မိနစ်တွင် ရိုက်ဖီးလစ်၊ ၈၂ မိနစ်တွင် ဂျွန်မီကယ်နှင့် ၈၆ မိနစ်တွင် ကာဗယ်ဟိုက တစ်ဂိုးစီဆက်တိုက် သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဂိုးဒါဇင်ဝက် သွင်းပြီး အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်မှ ရိုဆစ်စကီး (လယ်) **ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ဘာမင်ဂမ်နှင့် နယူးကာဆယ်

ဘာမင်ဂမ်သည် ပထမတန်းအသင်းဖြစ်သော်လည်း နယူးကာဆယ်ကို အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။ အိမ်ကွင်း၌ ဘာမင်ဂမ်တို့ ခြေကုန်ထုတ်ကစား ခဲ့ရာ ဘာမင်ဂမ်တိုက်စစ်မှူး ကမ်းဘဲလ် က ပွဲချိန် ၁၅ မိနစ်တွင် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

သရေပွဲ

၂–၇–၁ ဗျူဟာအသစ်ဖြင့် ခင်းကျင်းကစားခဲ့သော နယူးကာဆယ်သည် တိုက်စစ်မှူး မာတင် တစ်ဦးတည်းကို အထောင်ထားကာ တိုက်စစ်ဆင်ကစားခဲ့သည်။ နယူးကာဆယ်အတွက် ချေပဂိုးကို နယူးကာဆယ် ကွင်းလယ် တိုက်စစ်မှူး စတီဖင်တေလာက မိနစ်၄၀တွင် သွင်းယူပေးခဲ့သည်။ ထို့နောက် ၅၄ မိနစ်တွင် ကီယွန်ဒိုင်ရာက တစ်ဂိုးသွင်းယူပေးခဲ့သော်လည်း ဘာမင်ဂမ် ကွင်းလယ်ကစားသမား လာဆင်က ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

မန်ယူ–အက်စ်တွန်ဗီလာ

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ အက်စ်တွန်ဗီလာအသင်းကို အက်ဖ်အေဖလား ပြိုင်ပွဲအဖြစ် ဇန်နဝါရီ ၇ ရက် ညပိုင်းက အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရာ မန်ယူက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမပိုင်းတွင် မန်ယူတို့ အကြိတ်အနယ် ကစားခဲ့သော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။ သို့ရာတွင် ဒုတိယပိုင်းပြန်စချိန် ပွဲချိန် ၅၅ မိနစ်တွင် အငှားခေါ်ယူထားသော တိုက်စစ်မှူး လာဆင်က တာဝန်ကျေပွန်စွာဖြင့် ပထမဆုံးဂိုးသွင်းယူပြလိုက်သည်။

သို့သော်လည်း အက်စ်တွန်ဗီလာ တိုက်စစ်မှူး မီလန်ဘားရို့စ်က ပွဲချိန် ၇၄ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေချိန်တွင် ပွဲချိန် ၇၈ မိနစ်၌ ဖာဂူဆန်က လာဆင်အစား ဆိုးလ်ရှားကို လူလဲကစားခဲ့သည်။

ဆိုးလ်ရှားသည်လည်း လာဆင်ကဲ့သို့ တာဝန်ကျေပွန်စွာဖြင့် မန်ယူအတွက်အနိုင်ဂိုးကို ပွဲသိမ်းခါရာ မမှတ်မိအချိန်ပိုင်းတွင် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ။

(အင်တာနက်)

အခြားပွဲရလဒ်များ

ဟောလ်	၁ – ၁	မစ်ဒယ်ဘာရော့
ဝက်ဖို့ဒ်	၄ – ၁	စတော့ပို
ရှက်ဖီး	၀ – ၃	ဆွမ်ဆီး
လက်စတာ	၂ – ၂	ဖူလ်ဟမ်
ဝက်စ်ဟမ်း	၃ – ၀	ဘရိုက်တန်
ဒွန်ကက်စတာ	၀ – ၄	ဘော်လ်တန်
ပို့စ်မောက်	၂ – ၁	ဝီဂန်

(အင်တာနက်)

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် **ဒေါ်ခင်ကြည်** (ဆန်းကိုကို မုန့်တိုက်)အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်)** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန် ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက် နိုင်စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးကြူ မိသားစု ဂျုံစက်
U Kyaw Family Trading Co., Ltd.
OK Brothers Enterprises Ltd.
North East Dragon Co., Ltd.
(ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ)။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (M.D, Dana Aung Production Co., Ltd.)၏ ဇနီး ရွှေနေချုပ်ရုံး **ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း**အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **'သီရိသုဓမ္မသီဂီ'**ဘွဲ့ကို ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတိုက်အောင် (M.D, Dana Aung Production Co., Ltd.)
ဇနီး ဒေါ်ခင်စန်းဝင်း (ချင်းတွင်းမင်းသမီး အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊မုံရွာ)
သား မိုးစက်တိုက်အောင် (အဋ္ဌမတန်း၊ အထက-၃၊ မုံရွာ)။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (Managing Director,Dana Aung Production Co.,Ltd.)၏ ဇနီး **ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရွှေနေချုပ်ရုံး)**အား နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသီဂီ"** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဗုဒ္ဓသာသနာတော်ကို ထူးခြားစွာ ဆတက်ထမ်းပိုး ထောက်ပံ့လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

ဦးဝင်းလွင် (Director, Dana Aung Production Co.,Ltd.)
ဇနီး ဒေါ်မြမြဝင်း အလပြ (ငြိမ်း) အထက(၁) မုံရွာ
သားကြီး သူရလွင် တက္ကသိုလ်ဝင်တန်း၊ အထက(၁) မုံရွာ
သားလတ် ဝဏ္ဏလွင်(ခ)ဖိုးချွား ပဉ္စမတန်း၊ အထက(၁) မုံရွာ
သားငယ် ဇာနည်လွင်(ခ) James (Best Pre.School)။

တိုက်ခန်းရောင်းမည်
(ညိုနိုင်းဈေး)
အမှတ် ၂၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ မြေညီ(ဝဲ)။
ဖုန်း-၀၉-၅၀-၁၈၄၇၉။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အသံချဲ့စက်သံ ဆူဆူညံ

စာတည်းရှင့်-

မန္တလေးမြို့ ချမ်းမြသာစည်တောင် အကွက်(၈၆၇) အတွင်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် ညနေပိုင်းမှစ၍ ညဉ့်နက်ပိုင်းအချိန်အထိ ဗီဒီယိုသီချင်း၊ ဇာတ်ကားများကို အသံချဲ့စက်ဖြင့် ဖွင့်လှစ်ပြသနေပါသဖြင့် ပတ်ဝန်းကျင်နေသူများ နားမခံအောင် ဖြစ်ရပါသည်။ သို့ပါ၍ အဆိုပါလက်ဖက်ရည်ဆိုင်အား ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

ပလတ်စတစ်ညှော်နံ့ကြောင့် ပတ်ဝန်းကျင် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အရှေ့သီတာနွယ်လမ်း၊၃လမ်းနှင့်၄လမ်းကြားရှိ ပလတ်စတစ် ကော်ဆွဲလုပ်ငန်းစက်ရုံမှ ပလတ်စတစ်ညှော်နံ့ကြောင့် ပတ်ဝန်းကျင်ရှိ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နေပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မိဘတစ်ဦး**

ပုဂ္ဂလိက သံနန်းဆွဲသံ ပတ်ဝန်းကျင် နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဒါးပိန်မြို့ တိုက်ကြီးစုကျေးရွာ ဆားတလင်း လမ်းမပေါ်ရှိ သံနန်းဆွဲ ပုဂ္ဂလိကအလုပ်ရုံများမှ နေ့ ည ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူများ နားမခံသာ ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာက လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဒါးပိန်သား**

စာမှန်မှန် ပို့ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၃) ရပ်ကွက်တွင် ပြည်တွင်းနှင့်ပြည်ပမှ ပို့လိုက်သောစာများ ပျောက်ဆုံးနေပါသဖြင့် ပုံမှန်ရရှိစေရေး သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **စာမှန်မှန်ဖတ်ချင်သူ**

စည်းကမ်းမဲ့ စားသောက်ဆိုင် အရေးယူပေးပါ

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ၁၂ ရပ်ကွက် အဝေရာလမ်းသွယ်နှင့် ဟူးမွန်ကျေးရွာအနီးရှိ ကာရာအိုကေ၊ စားသောက်ဆိုင်၌ ညသန်းခေါင်ကျော်အချိန်ထိ စည်းကမ်းမဲ့စွာ ကခုန်ဆူညံနေ၍ ပတ်ဝန်းကျင်နေသူများ အတွက် အနှောင့်အယှက် ဖြစ်ရပါ၍ အဆိုပါ စည်းကမ်းမဲ့ စားသောက်ဆိုင်အား သက်ဆိုင်ရာက အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **လားရှိုးသား**

ကျူးကျော်အိမ်များ ဖယ်ရှားစေချင်

စာတည်းခင်ဗျား-

သာကေတ ၁၀မြောက် ရေတင်အိမ်ရာဝင်းအနီးတွင် ရှေးဟောင်း စေတီတော်ပျက် ကုန်းမြေရှိပါသည်။

အဆိုပါကုန်းမြေအနီး၌ ယခုအခါ လူနေအိမ်များ ကျူးကျော်နေထိုင်လျက်ရှိပြီး နောင်တွင် ဘုရားကုန်းမြေပျောက်ကွယ်မှာ စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာက ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **သာကေတသား**

အများသုံးရေအိမ်သာ သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်ရှိ ပန်းခြံအတွင်းမှ အများသုံးရေအိမ်သာမှာ သန့်ရှင်းမှုမရှိခြင်း၊ ရေသွားရေလာမြောင်းများ ပိတ်ဆို့နေခြင်းကြောင့် အနံ့ဆိုးများထွက်လျက်ရှိရာ ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **စမ်းချောင်းသား**

ကဏန်းအပုပ်နံ့များကိုစွ ရှင်းလင်းဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ၁၀မိုင်ကုန်း ဗိုလ်တေဇလမ်းရှိ အိမ်တစ်အိမ်သည် ကဏန်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ကဏန်းအသေကောင်များမှ ထွက်ရှိသော အပုပ်နံ့များကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသဖြင့် ကဏန်းအပုပ်နံ့များကိုစွ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားများ**

စားသောက်ဆိုင်မှ မီးသွေးဖို ကြပ်မတ်ပေးစေလို

စာတည်းရှင့်-

သုံးခွမြို့ (၁၁)ရပ်ကွက် စည်သူလမ်း သုံးခွ-ရန်ကုန် ကားဂိတ်အနီး စားသောက်ဆိုင်တစ်ဆိုင်သည် ဆိုင်ရှေ့တွင် ထမင်းဟင်းများနှင့် အကြော်မျိုးစုံကို ချက်ပြုတ် ကြော်လှော်နေသည့်အတွက် အနီးပတ်ဝန်းကျင်နေသူများ အညှော်နံ့ကို နေ့စဉ် ရှူရှိုက်နေရပါသဖြင့် သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **သုံးခွသူ**

ရပ်ကွက်အတွင်းမှ အကြော်ဖို ရွှေ့ပြောင်းပေးစေလို

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက် ရွှေပြည်စိုး ၂လမ်းရှိ အကြော်ဖိုသည် အချိန်မရွေး၊ ရာသီမရွေး ကြော်လှော်လျက်ရှိရာ မီးဘေးအန္တရာယ်ရှိသည့်အပြင် ပတ်ဝန်းကျင်မှ နာမကျန်းဖြစ်သူများ၊ သက်ကြီးရွယ်အိုများ ဆိုးရွားသော ညှော်နံ့ကို နေ့စဉ် ရှူရှိုက်နေရပါသဖြင့် ၎င်းအကြော်ဖိုအား သင့်တော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သူ**

မီးစက်သံကြောင့်နားဒုက္ခခံစားနေရ ပေးစာနှင့်ပတ်သက်၍ဆောင်ရွက်ပြီးစီး

စာတည်းခင်ဗျား-

၃-၇-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကလေးမြို့ အောင်သစ္စာရပ်ကွက် ဘုရင့်နောင်လမ်း နယ်မြေ(၁)ရှိ ကွန်ပျူတာလုပ်ငန်းမှ မီးစက်သံကြောင့် နားဒုက္ခခံစားနေရ**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာ)**



(၁၄-၁-၀၇) ... Park Royal Hotel ...

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကိုကိုအေး - အုပ်ချုပ်မှုဒါရိုက်တာ

(အမျိုးသားဝေါက်သီးလျှော်ကျင့်ရေး (မြန်မာ) လီမိတက်နှင့် ဖြူစည်သုဓာနေရာင်းကုမ္ပဏီလီမိတက်) အား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ချီးမြှင့်ခြင်း ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကျန်းမာ ချမ်းသာစွာဖြင့် သာသနာ့အကျိုး တိုင်းပြည်အကျိုးတို့ကို ဆောင်ရွက်နိုင်စေကြောင်း ဆုတောင်း ဂုဏ်ပြုအပ်ပါသည်။

... (WTI Company) ...

တူ-တူမများ

ဆုချီးမြှင့်

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေး ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ကျင်းပရာ မွေးစမှ ခြောက်လပြိုင်ပွဲတွင် ပထမဆုရရှိသူ မကြယ်စင်မြင့်မိုရ်အား အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက ဆုချီးမြှင့်စဉ်။ (၄၀၀)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်သိန်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါက်တာဒေါ်မြမြသန်း(ကလေးအထူးကုဆရာဝန်ကြီး) တို့၏သားထွေး

မောင်ညီညီသိန်း

B.Sc.(Hons)Physics, B.Sc.(Hons)Computing & Information Systems(U.K.), M.S.(Computer Science)(Western Illinois University, U.S.A)

နှင့်

တောင်ကြီးမြို့နေ ဒေါက်တာဦးလှဝင်း(သမားတော်ကြီး)-ဒေါ်ရင်နွဲ့တို့၏ သမီးထွေး

ဒေါက်တာဥမ္မာဝင်း

M.B.,B.S.(YGN),M.D., M.S.(Health Education)(Western Illinois University, U.S.A)

တို့အား ၅-၁-၂၀၀၇ ရက်တွင် Sedona Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာဦးချစ်ကိုတင် (ဆေးရုံအုပ်ကြီး၊ ကလေးရောဂါအထူးကုဆေးရုံ) နှင့် ဇနီး ဒေါ်မာလာစန်း၊ ၆-၁-၂၀၀၇ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ဇနီး ဒေါ်မိမိသိန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒေါက်တာဦးစိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန အောက်မြန်မာပြည်)နှင့် ဇနီး ဒေါက်တာဒေါ်သန်းနုရွှေ (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိအကြီးအကဲ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ညီညီသိန်း-ဒေါက်တာဥမ္မာဝင်း။

ဂုဏ်ပြုဝမ်းမြောက်ခြင်း

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် **ဦးတင်မြင့်** အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၇)ဖြင့် **စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)** ချီးမြှင့်အပ်နှင်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ဇေယျ ၅၉/၆၀ သင်တန်းဆင်း ဥပဒေအရာရှိ **ဦးအလုံးမောင်** (ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး) အား **စီမံထူးချွန်တံဆိပ် (တတိယဆင့်)** အပ်နှင်းခံရခြင်းနှင့် **ဒေါ်ခင်ချိုအုန်း** (ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး) အား **သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်** အပ်နှင်းခံရခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဇေယျ ၅၉/၆၀

သင်တန်းဆင်းဥပဒေအရာရှိများ။

အမြန်ပြန်လာပါ

သမီး မစန္ဒာ(ခ)Simple

အမေ အသည်းအသန်ဖြစ်နေပါသဖြင့် သမီးကို တွေ့ချင်ပါ၍ အမြန်ဆုံးလာတွေ့ပါ။ အပြစ်အားလုံးကို ခွင့်လွှတ်သည်။

ဒေါက်တာဗိုဂျေး-ဒေါ်ဆူနီတာ။

ရောင်းမည်

A3 Size Digital မိတ္တူကူးစက် နှင့် Printer များကို ရောင်းချပေးနေပါသည်။

SPECIAL PROGRAM

- 5% to 10% Discount
- 30,000 Copy / Print Free
- Free Installation Charges
- Free Delivery to Naypyitaw, Yangon, Mandalay

အမြန်ဆုံး ဆက်သွယ်ပါ။

(Authorized Sole Distributor)

PRIME - BOSS Company Limited

E-mail: sales@primeboss.com.mm, Website: www.primeboss.com.mm

ဇန်နဝါရီ၆ရက်က လသာမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာ ကျောင်းသူ စုံညီပွဲတော် ထူးချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲတွင် Grade - 3 (B) မှ ဘက်စုံထူးချွန်ဆုရ မမေမြတ်နိုးမင်းအား ဆရာမ ဒေါ်မြင့်မြင့်စီက ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မဟာသိမ်တော်ကြီး ပြုပြင်ထိန်းသိမ်းရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၇

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ကျောင်းတိုက်တွင် ယိုယွင်းနေသော သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက မဟာသိမ်တော်ကြီး ကျောင်းတိုက် ဆွမ်းစားဆောင်၌ ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဟန်(သိတဂူ)တို့က အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်သူများက ဆွေးနွေးကြ၍ လုပ်ငန်းလိုအပ်ချက်အရ မဟာသိမ်တော်ကြီးကျောင်းတိုက်ပြုပြင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းအဖွဲ့လေးဖွဲ့ကို အစည်းအဝေးမှ ဖွဲ့စည်းသည်။ သာသနိကအဆောက်အအုံများ အတွက် လှူဒါန်းလိုပါက မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့ရုံး ဖုန်း-၃၈၃၈၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

အေးမြချမ်းသာ မဟာစည် အထူးတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၇ရပ်ကွက် ကျန်စစ်သားလမ်းမကြီး အေးမြချမ်းသာ မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တသီရိဓမ္မ(ဘီအေ၊ ပါဠိဂုဏ်ထူး)၏ မွေးနေ့ကုသိုလ်တော် အဖြာဖြာဖြင့် (၁၂)ကြိမ်မြောက် သံဃဒါနဆွမ်းကြီးလောင်းလှူပွဲ၊ ဓမ္မပူဇာ ဓမ္မဒါန ၁၅ရက် အထူးတရားစခန်းပွဲကို တပို့တွဲလဆန်း ၁ရက်မှ တပို့တွဲလပြည့်နေ့အထိ (ဇန်နဝါရီ၁၈ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ) ညတရားပွဲ၊ ဘုရားအနေကဇာတင်နှင့်ဆွမ်းတော်ကြီးတင်ပွဲ၊သံဃဒါနဆွမ်းဆက်ကပ်ပွဲ ကျင်းပမည်ဖြစ်သည်။ တရားစခန်းတွင် ဒုလ္လဘ သက်န်းနှင့် သီလရှင်ဝတ်စုံများလှူဒါန်းနိုင်ပြီး ယောဂီများ စရိတ်ငြိမ်း တရားအားထုတ်နိုင်သည်။ အလှူရှင်များအနေဖြင့် ယောဂီတစ်ပါးအတွက် ရေ၊ မီး၊ ဆွမ်း ငွေကျပ် ၅၀၀၊ နံနက်ဆွမ်း ငွေကျပ် ၅၀၀၀၀၊ နေ့ဆွမ်း ငွေကျပ် ၅၀၀၀၀၊ အချိုပွဲ ငွေကျပ် ၃၀၀၀၊ အအေးငွေကျပ် ၂၀၀၀၊ ဓမ္မပူဇာ ငွေကျပ် ၅၀၀၀နှင့် ကားကြိုပို့ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဖုန်း-၅၈၅၀၄၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ပြီး ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ခုနစ်ရက်၊ ၁၀ရက်၊ ၁၅ရက် စသည်ဖြင့် တရားစခန်းဝင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ် ၂၁၈၊ ၂၉လမ်းနေ
ဦးကျော်ဝင်း(၃၀၅၊B၊ရုံ၊ သိမ်ကြီးဈေး)-ဒေါ်အေးအေးတို့၏သားကြီး

Dr. ဇေယျာကျော်ဝင်း M.B.,B.S (Ygn)

နှင့်

သာယာဝတီမြို့၊ အမှတ် ၇၊ ရန်ကုန်-ပြည်လမ်းနှင့်
ရန်ကုန်မြို့၊ အမှတ် ၁၀၊ နှင်းပန်းလမ်း၊ ရေကျော်နေ
Dr. ဖြိုးဝေအောင်-Dr.တင်တင်ညီ
(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး၊ မြိတ်မြို့)တို့၏သမီးကြီး

Dr.ဇာခြည်ဖြိုးဝေ M.B.,B.S (Ygn)

တို့၏ ၇-၁-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် Traders Hotel (Myanmar Ballroom) နှင့် Parkroyal Hotel ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါသည်။ **နှစ်ဖက်သောမိဘများနှင့် Dr. ဇေယျာကျော်ဝင်း-Dr. ဇာခြည်ဖြိုးဝေ။**

မူးယစ်ကင်းစင် အလှဆင်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၃၃၁ နေ
ဦးထွန်းရွှေ-ဒေါ်ကြည်အေးတို့၏သား

ဗိုလ်ကြီးသိန်းထွန်း B.Sc, Hons: (Physics)

တပ်မတော်(လေ)

နှင့်

ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ ဈေးလမ်းနှင့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၀၃ နေ
ဦးချစ်ဟန်-ဒေါ်မြအုန်း(ကျောင်းဆရာမ-ငြိမ်း)တို့၏သမီး

မသင်းသင်းလှိုင်(ခ)မသင်းသင်းအေး B.Econ (Economics)

Zifam Pty., Ltd.

တို့၏ ၂၃-၁၂-၂၀၀၆ရက် Yuzana Hotel (Ballroom)၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၏ဇနီး ဒေါက်တာဒေါ်ခင်သီရိ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်မှ ခေတ္တဌာနချုပ်မှူး ဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ချစ်ဦး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(လေ-ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိ အရာခံများနှင့် ဇနီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ သတို့သားအရံ ဗိုလ်ကြီးဇေယျာထိုက်နှင့် သတို့သမီးအရံ မခင်သွယ်သွယ်လင်း၊ မင်္ဂလာလက်စွပ်နှင့် အောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဇင်နွေအေး၊ မင်္ဂလာပန်းကြဲပေးသော မသဲသဲ၊ ဗီဒီယိုနှင့်ဓာတ်ပုံမှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့၊ မိတ်ကပ် ဇော်ဇော်(ထိလာ)၊ Yuzana Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသိန်းထွန်း-မသင်းသင်းလှိုင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ နတ်တလင်းမြို့နေ
(ဦးလှမောင်)-ဒေါ်ကြည်
တို့၏ တစ်ဦးတည်းသောသား
အမေရိကန်နိုင်ငံ၊ Virginia State နေ

Dennis ရဲမြင့်

M.Sc (Computer Science) (U.S.A)
Software Patent Examiner
(United State Patent & Trademark Office) (U.S.A)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊
မင်းရဲကျော်စွာလမ်း၊ ခြံအမှတ် (၁၆/က-၁) နေ
ဦးဌေးမြင့်(Uniteam Marine Co., Ltd.)-ဒေါ်နုနုသိမ်း
တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမြသန္တာ M.B.,B.S (Ygn)

တို့သည် ၇-၁-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel ၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Dennis ရဲမြင့်-ဒေါက်တာမြသန္တာ။

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရတနာကျွန်းရိပ်သာနေ
ဒုတိယဗိုလ်မှူးကြီးမင်းနိုင်(ငြိမ်း)-ဗိုလ်ကြီးမိတင်ရီ(ငြိမ်း)တို့၏တစ်ဦးတည်းသောသား

မောင်ကျော်ကျော်နိုင်

Bachelor of Engineering (Electrical, Honours) (NUS)
Circuit Design Engineer, Singapore Epson Industrial Pte., Ltd.

နှင့်

ရန်ကုန်မြို့၊ ကမ္ဘာအေးဗီလာအိမ်ရာနေ
ဗိုလ်မှူးကြီးခင်မောင်ဆန်း(ငြိမ်း)-ဒေါက်တာနီနီတို့၏သမီးလတ်

မဝင်းလဲ့ဖြူ

Deploma in Electronic (Temasek Polytechnic)
Bachelor of Technology (Electronic, Year 1) (NUS)
CAD Planner, Toppan Photomasks Singapore Pte., Ltd.

တို့၏ ၂-၁-၂၀၀၇ရက် Sedona Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ခင်မာတို့အားလည်းကောင်း၊ ၆-၁-၂၀၀၇ ရက် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲ၏မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏မိသားစုများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိအကြီးအကဲများနှင့်ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော စိန်ဧကရာဇ်၊ သတို့သားအရံ ကိုကျော်သက်၊ ကိုအောင်ကျော်စည်သူ၊ သတို့သမီးအရံ မခင်ပြည့်စုံလှိုင်၊ မခင်ဇာလီကျော်၊ မင်္ဂလာဗန်းကိုင်ဆောင်ပေးသော မခင်နီဆန်း၊ မင်္ဂလာပန်းကြဲပေးသော မမေသူစိုးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်နိုင်-မဝင်းလဲ့ဖြူ။

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပခုက္ကူမြို့ အမှတ် (၄)ရပ်ကွက် စာရေးတန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သောပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် စာရေးတန်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းထိပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာရေးတန်းလမ်း ကတ္တရာလမ်းသစ်ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အလားတူပင် အမှတ်(၄)ရပ်ကွက် ရပ်စုံကျောင်းလမ်း၊ သီရိစန္ဒာလမ်း၊ အမှတ်(၃)ရပ်ကွက်တွင် သီရိနန္ဒာလမ်း၊ သီရိမဟာလမ်းနှင့် အမှတ်(၁၁)ရပ်ကွက် ၁ လမ်းစသော ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ် ခြောက်လမ်း၏အရှည်မှာ ၄၅၈၅ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေ ၁၃၄၄၃၈၁၄ကျပ်၊ ပြည်သူများထည့်ဝင်ငွေ ၁၅၀၄၇၅၈၆ကျပ် စုစုပေါင်းငွေကျပ် ၂၈၄၉၁၄၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဘိန်းအစားထိုးသီးနှံ လက်ဖက်မျိုးစေ့ မိုင်းဖြတ်မြို့နယ်၌ ပေးအပ်

မိုင်းဖြတ် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဘိန်းမျိုးစေ့အပ်နှံပွဲနှင့် ဘိန်းအစားထိုးသီးနှံ လက်ဖက်မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၄ရက် မွန်းလွဲ၁နာရီခွဲက ဘုရင့်နောင်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်စိုးဝင်း တက်ရောက်သည်။

အခမ်းအနားတွင်ခရိုင်ဥက္ကဋ္ဌဦးသိန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယရဲမှူးထွန်းသိန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အကြောင်းကို လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာသန်းမြင့်က မူးယစ်ဆေးဝါး အန္တရာယ် အကြောင်းကို လည်းကောင်း၊မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးသန့်ဇင်က လက်ဖက်မျိုးစေ့ ပျိုးထောင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နမ့်ပန် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျပေါက ဘိန်းမျိုးစေ့ လေးကီလိုကို ပေးအပ်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောမျိုးသန့်က လက်ခံရယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က ဘိန်းအစားထိုးသီးနှံ လက်ဖက်မျိုးစေ့ တင်း၁၂၀ကို ပေးအပ်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများကိုယ်စား မိုင်းဟဲကျေးရွာ အုပ်စု ဥက္ကဋ္ဌ ဦးတင်ကိုက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် ဝဲရက်–ပငလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲ ကျိုင်းတုံမြို့ ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ၊ ရွှင်ပွဲများကို ဇန်နဝါရီ ၄ရက်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)၌ ကျင်းပသည်။

အမျိုးသား တာဝေးပြေးပြိုင်ပွဲတွင် အောင်လင်းထိုက်(ပလိတ်သွေး)က ပထမ၊ ခင်မောင်ထူး(ပလိတ်ကူး/ဓာတ်ပုံ)က ဒုတိယ၊တင့်နိုင်ထွန်း(ပုံနှိပ်စက်)က တတိယ၊အမျိုးသားသက်ကြီးတန်းလမ်းလျှောက်ပွဲတွင် ဦးထင်ကျော် (တာဝန်ခံ)က ပထမ၊ ဦးလှရွှေ (ပုံနှိပ်စက်)က ဒုတိယနှင့် ဦးဝေဇင် (ကြီးကြပ်ရေးမှူး)က တတိယ၊ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲတွင် ဥမ္မာညွန့်(အငယ်တန်းစာရေး)က ပထမ၊သင်းသင်းဇော်(အငယ်တန်းစာရေး)က ဒုတိယ၊ နန်းဥမ္မာစိန် (အငယ်တန်းစာရေး)က တတိယ၊ အမျိုးသား တာတိုပြေးပြိုင်ပွဲတွင် ခင်မောင်ထူး(ပလိတ်ကူး/ဓာတ်ပုံ)က ပထမ၊ တင့်နိုင်ထွန်း (ပုံနှိပ်စက်)က ဒုတိယ၊ ထွန်းထွန်းဝင်း (ပုံနှိပ်စက်)က တတိယ အသီးသီးရရှိကြသည်။ ထို့အပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊မုန့်စားပြေးပြိုင်ပွဲများကို ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမြလှိုင်နှင့် တာဝန်ခံအရာရှိ ဦးထင်ကျော်တို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(က–ပ)**

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော စက်ရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၁ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဆန်းဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက်
၈–၁–၂၀၀၇ (အင်္ဂါနေ့)

	နံနက်ပိုင်း
၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
	နေ့လယ်ပိုင်း
၁၁း၁၅	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ပဲမျိုးစုံအထွက်တိုးရေး)
၁၁း၃၀	မြန်မာ့မူဟန် ဇာတိမာန်ဟောပြောချက် (ပြည်ထောင်စုအတွက် ခံယူချက်နှင့် စည်းလုံးခြင်း စိတ်ထား–ညွှန့်ဟံ–ကြူတော)
၁၂း၀၀	သူ့အတွေးနှင့် သူ့အရေး (ပြေးပြေးလောလောဘဝမှ ပြောင်းလဲကြစို့–သိန်းလှဲ့နွယ်)
၁၂း၂၀	ဇာတ်လမ်းပမာနားဆင်စရာ (အောင်ပန်းတဝေဝေ)
၁၂း၄၅	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လပြာသို မြခွာညို သင်းပြန်တော့–သာရဝေါစိုးကြည်)
၁၃း၁၀	ပညာရေးအစီအစဉ် (အဋ္ဌမတန်း–စာရိတ္တနှင့် လောကနီတိ) (လောကသာရပျို့ ကောက်နုတ်ချက်)
	ညနေပိုင်း
၁၆း၀၅	ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) လူကောင်း သူကောင်း(မြတ်အဖွဲ့) (၂) ဝိုင်းလုပ်ဝိုင်းစား (မိုးအဖွဲ့) (၃) မြဆည်းဆာ (မြန်မာ့အသံအဖွဲ့)
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၃၀	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့) (တက္ကသိုလ်သခ်)
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (ကြက်စကားဟင်း)
၁၉း၁၅	ကျန်းမာရေးနှင့် ဆေးပညာ (ကလေး၏ အသက်ခြောက်လမှစ၍ မိခင်နို့နှင့်အတူ ဖြည့်စွက်စာကျွေးပါ)
၁၉း၃၀	တူယှဉ်သီကြွေး စုံတွဲတေး (၁) မြစ်နှစ်စင်းရဲ့ပင်လယ် (R ဇာနည်၊ ဆုန်သင်းပါရ်) (၂) ကိုကိုနောက်ပိုးညာ (တူးတူး၊ မေခလာ) (၃) စိတ်ညစ်မှာစိုး (အယ်လ်လွန်းဝါ၊ ဆူဇီ)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မိန်းကလေးလက်ရေး (မစိန်မြင့်လတ်) (၂) ချစ်သူသည်သာ (ကိုရဲဝင်း) (၃) ချစ်ရိပ်ဘယ်ခါထင်ပါ့မယ် (သံတွဲသန်းသန်းမူ)

ကလောမြို့နယ် အောင်ပန်းမြို့ အောင်ပြည့်စုံသွေးလှူရှင်များအသင်းက ကြီးမှူး၍ အကြိမ်(၃၀)မြောက် သွေးလှူရှင်များနေ့ကို ဒီဇင်ဘာ ၁၄ရက်က အောင်ပန်းပြည်သူ့ဆေးရုံတွင် ကျင်းပရာ အကြိမ်(၆၀)မြောက် သွေးလှူရှင် ဦးသောင်းစိန်နှင့် အသင်းဝင်များအား ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်နွဲ့ရီက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် စာနယ်ဇင်း)

နှစ်လက်မစက်ရေတွင်း

ရန်ကုန်မြို့နေ အလှူရှင် ဒေါ်ခင်ထွေးမြင့်၊ ဒေါ်သီတာမြင့်တို့၏ လှူဒါန်းငွေကျပ် ၁၄သိန်းဖြင့် ဆောင်ရွက်သည့် နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ရက်က ကန့်ဘလူမြို့နယ် မင်းရွာတောကျေးရွာတွင်ကျင်းပရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ အလှူရှင် ဒေါ်ခင်ထွေးမြင့်နှင့် ကျေးရွာရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဒီဇင်ဘာ၇ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်သော ကြက်စားပြင် ရပ်ကွက်တွင် အများသုံး ရေတိုင်နှင့် အိမ်တိုင်ရာရောက် ရေမီတာ စနစ်ဖြင့် ရေပေးဝေခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရိုဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင်ဦးရွှေလှဖြူ-မိခင်ဒေါ်သာနု၊ ခင်ပွန်းဦးစိန်လှအား ရည်စူး၍ ဒေါ်စောလှ (၇၄)နှစ်မြောက် မွေးနေ့အလှူနှင့် ညီမ ဒေါ်သင်းကြွယ်မိသားစု တိုက်အမှတ် စီ/၇ အမှတ်(၂၀၂) သီရိမင်္ဂလာဥယျာဉ်အိမ်ရာ အလုံမြို့နယ်က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေတောင် ဇန်နဝါရီ ၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ရွှေတောင် ပုရပိုက်တန်းကျေးရွာ စက်ရေတွင်းဖွင့်

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် နွားမယံကျေးရွာအုပ်စု ပုရပိုက်တန်းကျေးရွာစက်ရေတွင်းနှင့်ရေလှောင်ကန် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၁၀နာရီက ဖွင့်ပွဲအခမ်းအနားမှုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းနှင့် စက်ရေတွင်း ဖြစ်ပေါ်လာရခြင်း အကြောင်း ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူများကိုယ်စား ဦးမြင့်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စက်ရေတွင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး အခမ်းအနားကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်လုံးကျွတ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်း လမ်းလျှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက်က ကျင်းပရာ ဆီဆိုင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဝ၄၈)

ပေးအပ်လှူဒါန်း

အမှတ် (၂၅၃) ၃၉လမ်း **ကျောက်တံတားမြို့နယ်နေ ဦးကျော်ညွှန့်-ဒေါ်ခင်သိန်း၊ သားသမီး မြေးမြစ်တစ်စုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။** (က-ပ)

ကျိုင်းတုံမြို့၌ စိမ့်စမ်းရေသွယ်

ကျိုင်းတုံ ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝမ်ဆာကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ၁၅ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ကြက်ခြေနီအသင်းက ကြီးမှူး၍ ကွို့ပင်ကောက်မြို့နယ် ပျဉ်ထောင်တွင်းအုပ်စု ကွို့ပင်ဝိုင်း ကျေးရွာတွင် ရှေးဦး သူနာပြု အခြေခံ/သာမန် သင်တန်း အမှတ်စဉ် (၃/၂၀၀၆)သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ် ကြက်ခြေနီ သူနာပြု တပ်ရင်းမှူး ဒုတိယရဲမှူးတင်အုန်းက အမှာစကားပြောကြားစဉ်။ (ဝ၄ဝ)

၂၀၀၇ခုနှစ် - နှစ်သစ်ကိုကြိုဆိုသောအိမ်ရာမြေအရောင်းပွဲတော်
(1.1.2007 မှ 31.1.2007) အတွင်း
"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်နှင့် မြေနှင့် နေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ကမာရွတ်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊သာကေတမြို့နယ်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE , ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၁၀ % မှ ၃၀ % အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။

အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန် ဦးစီးဌာနသို့ ပေးသွင်းပါမည်။

တိုက်ခန်းတန်ဖိုးအနည်းဆုံး ကျပ် (၂၄)သိန်း ဖြစ်ပါတယ်။

အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇။

ပျဉ်းမနားမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ ပညာရေးဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေး ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၇

ပျဉ်းမနားမြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက ကျောင်းရှေ့ ရွှေရတုရင်ပြင်၌ ဘင်ခရာတီးမှုတ်၍ ပန်းဖွားအကဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အိမ်တွင်းမှုပြကွက်၊ သိပ္ပံလက်တွေ့ပစ္စည်းများ ပြကွက်၊ သင်ထောက်ကူကားချပ်များ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❐

ပျဉ်းမနားမြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲနှင့် ဘက်စုံပညာ ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း အခြေခံပညာအထက်တန်းအဆင့် ဘက်စုံပညာထူးချွန် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပညာရေး/သုတေသန)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ လုံးချောက ရွှေဝါထွန်းကိုအလဲထိုးပြီး ချန်ပီယံဆုဆက်ထိန်း အလဲထိုးအနိုင်ယူသောပွဲများဖြစ်၍ ပရိသတ်အကြိုက်တွေ့

သတင်းမြင်ကွင်း-ကိုထွေး၊ ဓာတ်ပုံ-တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T & T Group က တာဝန်ယူကျင်းပသည့် **"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ"** မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ညနေ ၆နာရီက ရန်ကုန်မြို့ ကရဝိက်ဉယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ကျင်းပရာ မြန်မာပြည်၏ လက်ရှိ အလွတ်တန်းရွှေခါးပတ်ချန်ပီယံ လုံးချောက ချန်ပီယံဟောင်း ရွှေဝါထွန်းကို ဒုတိယအချီ၌ အလဲထိုးအနိုင်ယူပြီး ချန်ပီယံသရဖူကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ရန်ကုန်မြို့ ကရဝိက်ဉယျာဉ် ကမ္ဘာ (မျှော်စင်ကျွန်း)၌ကျင်းပရာ ငါးချီစိန်ခေါ်ပွဲတွင် လုံးချော (ညောင်တုန်း)နှင့်ရွှေဝါထွန်း (သထုံ)တို့ ဤသို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

အောင်ပွဲခံ

ဝါရင့် လက်ဝှေ့ကျော် ရွှေဝါထွန်းအား အနိုင်ရရှိပြီးနောက် လုံးချော(ညောင်တုန်း) ပရိသတ်နှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

လေးချီစိန်ခေါ်ပွဲ

ငါးချီ အထူးစိန်ခေါ်ပွဲများ မစတင်မီ လေးချီ စိန်ခေါ်ပွဲနှစ်ပွဲ ယှဉ်ပြိုင် ထိုးသတ်ရာ ပရိသတ်အကြိုက် တွေ့ခဲ့သည်။ လေးချီစိန်ခေါ်ပွဲအဖြစ် ပအို့လေး (အလင်းရောင်)နှင့် သားလိမ္မာ(ရွှေလက်ရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပအို့လေး(အလင်းရောင်)က စတုတ္ထအချီ ၁၉ စက္ကန့်၌ အလဲထိုးပြီး အနိုင်ရရှိသွားသည်။ လေးချီစိန်ခေါ်ပွဲအဖြစ် မွန်လေး(မထိလာ)နှင့် စောအာကာ(တွံတေး)တို့ ဆက်လက်ယှဉ်ပြိုင်ရာ စောအာကာ(တွံတေး)က တတိယအချီ ၁ မိနစ် ၁၀ စက္ကန့်၌ အလဲထိုးပြီး အနိုင်ရရှိသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ခရီးသွားလုပ်ငန်းတိုးတက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရေး ခရီးရှည်မြင်းစီးပြိုင်ပွဲ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ဒုတိယအကြိမ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ (Endurance)ကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ ရက်တို့တွင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့ နံနက်မှ နောက် ၄၈ နာရီအတွင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)